ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၃ ရက်၊ သောကြာနေ့၊ (31-3-2006) (၄၉၁၆)


# ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ မကြာမီချစ်ကြည်ရေးခရီးသွားရောက်မည်

ရန်ကုန်　　မတ်　　၃၁

ရုရှားဖက်ဒရေးရှင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာမီခေး(လ်)ဖရက်ကော့(ဗ်)၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ မကြာမီကာလအတွင်း ချစ်ကြည်ရေးခရီး သွားရောက်မည်ဖြစ်သည်။ (သတင်းစဉ်)

# တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင် ကတ္တရာလမ်းသစ်ဖွင့်ပွဲနှင့် ပန်းအလှစိုက်ပျိုးပွဲများ တက်ရောက်အားပေး

နေပြည်တော်　　မတ်　　၃၀

**လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သည့် လားရှိုးမြို့ (၇) ရပ်ကွက် အောင်သိဒ္ဓိလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၆ရက် နံနက် ၉ နာရီက အဆိုပါလမ်းထိပ်၌ ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် ဇနီး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသား အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**

အစီအစဉ်အရ လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးမျိုးနိုင်အောင်က အောင်သိဒ္ဓိလမ်း ကတ္တရာလမ်းသစ်ဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဖွင့်ပွဲအထိမ်းအမှတ် အလံငယ်များကို တိုင်းမှူးနှင့် တာဝန်ရှိသူများအား ပေးအပ်သည်။

ထို့နောက် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြီးမြင့်နှင့် လားရှိုးခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးသန်းထွန်းတို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးနှင့် ဇနီး၊ ဧည့်သည်တော်များသည် လမ်းတစ်လျှောက် ဖြတ်သန်းကြည့်ရှုကြသည်။

အဆိုပါအောင်သိဒ္ဓိလမ်း ကတ္တရာလမ်းသစ်သည် လမ်းအရှည် ၁၀၈၅ပေ၊ အကျယ် ၁၂ပေရှိပြီး လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ရန်ပုံငွေကျပ် ၃၃သိန်း အကုန်အကျခံ၍ မူလကျောက်လမ်းကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **စာမျက်နှာ ၈ ကော်လံ ၃ သို့** ➪

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့် တောင်ကြီးမြို့ပေါ်ရှိ လမ်းသစ်ဖွင့်ပွဲများတက်ရောက် ကလောတပ်နယ် ကြက်ဆူပင်ပျိုးထောင်ပွဲ အားပေး

နေပြည်တော်　　မတ်　　၃၀

**ဒေသခံပြည်သူများနှင့် တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့သော မြို့ပေါ်ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၅ရက် နံနက် ၇နာရီခွဲက တောင်ကြီးမြို့ အဆိုပါလမ်းသစ်မုခ်ဦး၌ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ ပြည်နယ်/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘင်ခရာ၊ ပန်းဖွားအဖွဲ့များ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။**

အစီအစဉ်အရ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်အောင်မြင့်က ရေအေးကွင်းရပ်ကွက်၊ သီတာလမ်း၊ ကတ္တရာလမ်းသစ်ဆောင်ရွက်ခဲ့မှုအခြေအနေ ရှင်းလင်းတင်ပြပြီး ရေအေးကွင်းရပ်ကွက် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❍



# စပါးနှင့်ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှုတွင် အရေးပါလာမည့် သီးနှံအခြောက်ခံစက်များ

**သတင်းမှတ်တမ်းနှင့်ဓာတ်ပုံ-ဌေးအောင် (ကြေးမုံ)**

ယခုအခါမြန်မာနိုင်ငံတွင် စပါးနှင့်ပဲမျိုးစုံသီးနှံများကို အထွက်တိုးရန်သီးထပ်၊သီးညှပ်များစိုက်ပျိုးလျက်ရှိသည်။ စပါးကို မိုးစပါးနှင့် နွေစပါးအဖြစ် တစ်နှစ်လျှင်နှစ်သီး စိုက်ပျိုးလာကြပြီး ပဲမျိုးစုံသီးနှံများကိုလည်း မြန်မာပြည်အနှံ့ နေရာဒေသလိုက်၍ ရာသီမပြတ် စိုက်ပျိုးထုတ်လုပ်လျက်ရှိနေသည်။ သီးနှံများတိုးတက်စိုက်ပျိုးထုတ်လုပ်နေသော်လည်း ရိတ်သိမ်းခြွေလှေ့ပြီးသည့်သီးနှံများကို အချိန်မီ စနစ်တကျ အခြောက်ခံခြင်း နည်းပညာလိုအပ်ချက်ကြောင့် သီးနှံပျက်စီးလေလွင့်မှုများလည်း ရှိနေသည်ကိုတွေ့ရသည်။

ယနေ့ကမ္ဘာတွင် သီးနှံပျက်စီးဆုံးရှုံးမှုများ နည်းနိုင်သမျှနည်းအောင် ကြိုးစားဆောင်ရွက်ကြရာတွင် သီးနှံများကို စနစ်တကျအချိန်မီ အခြောက်ခံနိုင်ရန်အတွက် သီးနှံအခြောက်ခံစက်အမျိုးမျိုးကို တွင်တွင်ကျယ်ကျယ် သုံးစွဲလာကြပြီဖြစ်သည်။ မြန်မာ့လယ်ယာ စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍတွင်လည်း လယ်ယာသုံးစက်ကိရိယာများ တွင်တွင်ကျယ်ကျယ် အသုံးပြုနိုင်ရေးအတွက် **စာမျက်နှာ ၈ ကော်လံ ၄ သို့** ✻

**စဉ်ဆက်မပြတ် စီးဆင်းမှုအခြောက်ခံစက်** (Continuous Flow Dryer) **ကို တွေ့ရစဉ်။** ဓာတ်ပုံ-ဌေးအောင် (ကြေးမုံ)

## ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

- ❒ *ယခုအခါ နယ်မြေဒေသအသီးသီး၌ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ ကောင်းမွန်ရေးအတွက် လမ်းသစ်များစွာကို ကွန်ရက်သဖွယ် ဖောက်လုပ်ပေးလျက်ရှိသကဲ့သို့ တံတားကြီး တံတားငယ်အသွယ်သွယ်ကိုလည်း တိုးချဲ့တည်ဆောက်ပေးနေသည်ကို တွေ့ရသည်။* ခေါင်းကြီး (စာမျက်နှာ၂)
- ❒ ***"ရောဝတီတိုင်းအနေဖြင့် တိုင်းလုံးကျွတ်ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ခဲ့ပြီးဖြစ်သည်။ ရောဝတီတိုင်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ပေါင်း ၁၂၁၁၁ ခု ထူထောင်ခဲ့ပြီးကြောင်းသိရသည်။"***
ခြင်ကျား(မအူပင်)၏ ***"တိုင်းလုံးကျွတ် စာကြည့်တိုက်များ ထူထောင်လျက် ဆောင်ရွက်နေသော နယ်မြေဖွံ့ဖြိုးမှုပသာဒရှုခင်း"*** ဆောင်းပါး(စာမျက်နှာ-၃)

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror

၁၁-၃-၂၀၀၆
(သောကြာနေ့)

# ရောဝတီတံတား(ရတနာပုံ)သပ်ရပ်ခိုင်ခံ့ကောင်းမွန်ရေး အတတ်ပညာနှင့်စေတနာ ပေါင်းစပ်ကြိုးပမ်းဆောင်ရွက်

ပြည်သူများ၏ စီးပွားရေး၊ လူမှုရေးနှင့် နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် လမ်းပန်းဆက်သွယ်မှုဆိုင်ရာ အခြေခံအဆောက်အအုံများ ပြည့်စုံကောင်းမွန်ရေးသည် အဓိကဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်က တိုင်းရင်းသားပြည်သူများအားလုံး၏ ရေရှည်အကျိုးကို ရှေးရှုပြီး နယ်မြေဒေသတစ်ခုချင်းမှသည် ပြည်ထောင်စုတစ်ဝန်းလုံး၌ ဒေသဖွံ့ဖြိုးရေးစီမံကိန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ နယ်မြေဒေသအသီးသီး၌ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ကောင်းမွန်ရေးအတွက် လမ်းသစ်များစွာကို ကွန်ရက်သဖွယ် ဖောက်လုပ်ပေးလျက်ရှိသကဲ့သို့ တံတားကြီးတံတားငယ်အသွယ်သွယ်ကိုလည်း တိုးချဲ့တည်ဆောက်ပေးနေသည်ကို တွေ့ရသည်။

နယ်မြေဒေသတိုင်း၌ လူဦးရေတိုးပွားနေထိုင်လာမှု၊ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်လာမှုများနှင့်အတူ တိုးတက်များပြားလာသော ယာဉ်သွားလာမှုလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ဒေသအလိုက် ကြိုးပမ်းလျက်ရှိသည်။ ယင်းသို့ ကြိုးပမ်းဖော်ဆောင်နေမှုများတွင် မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့ ဆက်သွယ်သွားလာနိုင်မည့် ဧရာဝတီမြစ်ကူး ဧရာဝတီတံတား(ရတနာပုံ) တည်ဆောက်ရေးစီမံကိန်းသည် တစ်ခုအပါအဝင်ဖြစ်သည်။

ဧရာဝတီတံတား(ရတနာပုံ)ကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာများက မန္တလေးဘက်ကမ်းနှင့် စစ်ကိုင်းဘက်ကမ်းတို့တွင် တစ်ပြိုင်တည်း တည်ဆောက်လျက်ရှိသည်။ အဆိုပါတံတား၏အရှည်မှာ ၅၆၁၄ ပေရှိပြီး သံမဏိသံပေါင်နှင့် သံကူကွန်ကရစ်ကြမ်းခင်းအမျိုးအစား လေးလမ်းသွား ကားလမ်းတံတားကြီးဖြစ်သည်။

ယခုအခါ တံတားတည်ဆောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းလုပ်ကိုင်လျက်ရှိရာ မန္တလေးဘက်ကမ်းနှင့် စစ်ကိုင်းဘက်ကမ်းတို့ရှိ ချဉ်းကပ်တံတား တည်ဆောက်မှုလုပ်ငန်းများ ပြီးစီးနေပြီဖြစ်သည်။

ဧရာဝတီတံတား(ရတနာပုံ)၏ မန္တလေးဘက်ကမ်း ချဉ်းကပ်လမ်းသည် မန္တလေး-မြစ်ကြီးနား ရထားလမ်းကို ဖြတ်သန်းသွားသည့်အတွက် သံကူကွန်ကရစ်အမျိုးအစား ကားလမ်းကူး ရထားလမ်းခုံးကျော်ကို တည်ဆောက်လျက်ရှိရာ ယာဉ်သွားလမ်းအကျယ် ပေ ၄၀ စီနှင့် အမြင့် ၁၈ ပေခွဲစီရှိ ရထားခုံးကျော်များ တည်ဆောက်ပြီးစီးနေပြီဖြစ်သည်။

တံတားကြီး၏ ရေလယ်ပင်မတံတားတွင် သံမဏိသံပေါင်ခုံးများကို တပ်ဆင်တည်ဆောက်လျက်ရှိရာ ပင်မတံတား သံပေါင်တပ်ဆင်မှုလုပ်ငန်း စုစုပေါင်း ၁၁၂၆ မီတာရှိသည့်အနက် သံပေါင် ၁၀၅၄ မီတာ တပ်ဆင်ပြီးစီးနေပြီဖြစ်သည်။ ကျန်ရှိနေသည့် ရှစ်မီတာအကျယ် အခန်းကိုးခန်း၌ သံပေါင်များ တပ်ဆင်ပြီးစီးရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းလျက် ရှိကြသည်။

သို့ဖြစ်ရာ မြန်မာအင်ဂျင်နီယာများနှင့် ဝန်ထမ်းများအနေဖြင့် ပြည်သူများ ကူးသန်းဆက်သွယ်သွားလာမှု ပိုမိုအဆင်ပြေလွယ်ကူစေရေး ရည်မှန်းချက်ဖြင့် ဧရာဝတီတံတား(ရတနာပုံ)ကို တည်ဆောက်လျက်ရှိရာ စံချိန်စံညွှန်းမီ သပ်ရပ်ခိုင်ခံ့ ကောင်းမွန်ရေးအတွက် မိမိတို့၏ အတတ်ပညာနှင့် စေတနာပေါင်းစပ်၍ အားကြိုးမာန်တက် ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။



**ရန်ကုန်မြို့ သဃ်န်းကျွန်း လေးဒေါင့်ကန်လမ်းနေ မြဘုရင်နို့ဆီဆိုင်ရှင် ဦးစင်ငွေ-ဒေါ်တင်ကြည် မိသားစုက ငွေကျပ် ၃၀၀၀၀၀ကို သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရန်အတွက် ဂေါပကအဖွဲ့ဝင် ဦးလှမင်းသို့ ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



**ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ရတနာလမ်းနေ ဦးမြင့်ဟန်-ဒေါ်ရှုတင် မိသားစုက ဒဂုံမြို့နယ် အမှတ်(၁၂) စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေ ကျပ် ၁၀သိန်းကို တိပိဋကဓရဆရာတော် ဘဒ္ဒန္တ ဣန္ဒာစရိယထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ-နိ(ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)

## မြန်မာနိုင်ငံပြန်တမ်း

**ရန်ကုန် မတ် ၁၀**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြေတိုင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းအား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။



## ပေးအပ်လှူဒါန်း

**ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ပါရမီလမ်း အမှတ်(၃)ဝိုင်းတွင် သီတင်းသုံး အပူဇော်ခံလျက်ရှိသော ဆုတောင်းပြည့်ကြေးတော်ကြီးဘုရားကြီး ဂန္ဓကုဋိတိုက် ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဆိပ်ကမ်းသာလမ်းမှ ဦးမောင်မောင်တာ မိသားစုက အလှူတော်ငွေ ကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ ဆုတောင်းပြည့်ကြေးတော်ကြီးဘုရားကြီး သာသနာပြုဆရာတော် ဘဒ္ဒန္တ ရာဇိန္ဒနှင့် အကျိုးတော်ဆောင် ဦးကျော်နိုင်တို့ လက်ခံယူစဉ်။** (က-ပ)

## သြစတြီးယားသမ္မတနိုင်ငံသမ္မတထံ မြန်မာသံအမတ်ကြီးဦးတင်ဝင်း ခန့်အပ်လွှာပေးအပ်

**ရန်ကုန် မတ် ၁၁**

သြစတြီးယားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်ဝင်းသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၀၆ ခုနှစ် မတ် ၁၅ရက်တွင် ဗီယင်နာမြို့၌ သြစတြီးယားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဟိန့်(ဇ်)ဖစ်ရာထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ (သတင်းစဉ်)

# မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးလုပ်ငန်းညှိနှိုင်း

ရန်ကုန် မတ် ၁၀

**၁၃၆၇ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်ပွဲတော် စည်ကားသိုက်မြိုက်စွာဖြင့် စနစ်တကျ ကျင်းပနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ ပထမထပ်ရှိ အစည်းအဝေးခန်းမ(၄)၌ ကျင်းပသည်။**

### မှာကြား

ရှေးဦးစွာ ၁၃၆၇ ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်ပွဲတော် စနစ်တကျဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်းက ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန် ရေသဘင်ပွဲတော်ကို ယခင်နှစ်များနည်းတူ ရေကစားမှု၊ ဖျော်ဖြေတင်ဆက်မှုများဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရန် လုပ်ငန်းကော်မတီအသီးသီးက စနစ်တကျဖြင့် တာဝန်ယူ ဆောင်ရွက်ရန် မှာကြားသည်။

### ရှင်းလင်းတင်ပြ

ဆက်လက်၍ ကျင်းပရေးကော်မတီ အတွင်းရေးမှူး စီမံရေးရာဌာန ဌာနမှူး ဦးကျော်မင်းက လုပ်ငန်းကော်မတီများဖွဲ့စည်းထားမှုနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အခမ်းအနားပြင်ဆင်ရေးနှင့် ဖွင့်ပွဲ၊ ပိတ်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ၊ ဖျော်ဖြေရေးနှင့် ပြန်ကြားရေး လုပ်ငန်းကော်မတီ၊ ရေကစားမှုစီစဉ်ရေးလုပ်ငန်းကော်မတီ၊ ဧည့်ခံကျွေးမွေးရေး လုပ်ငန်းကော်မတီ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းကော်မတီ၊ လမ်းကြောင်း ရှင်းလင်းရေးနှင့် ယာဉ်ကြော ထိန်းသိမ်းရေးလုပ်ငန်းကော်မတီ၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းကော်မတီ၊ ဘဏ္ဍာရေး၊ ဆုချီးမြှင့်ရေးနှင့် ဆုရရှိသူများ စုစည်းရေး လုပ်ငန်းကော်မတီ၊ အကဲဖြတ်လုပ်ငန်းကော်မတီ၊ ကျန်းမာရေး လုပ်ငန်းကော်မတီနှင့် ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးလုပ်ငန်းကော်မတီတို့မှ ဥက္ကဋ္ဌများက မိမိတို့လုပ်ငန်းများအလိုက် ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

### ကြိုးပမ်းဆောင်ရွက်ရေး

ယင်းနောက် ကျင်းပရေးကော်မတီ ဥက္ကဋ္ဌက ၁၃၆၇ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန် ရေသဘင်ပွဲတော် မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့်အညီ စနစ်တကျ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး၊ မြို့တော်နေပြည်သူအများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ ရေကစားနိုင်ရေးတို့နှင့် စပ်လျဉ်း၍ လုပ်ငန်းကော်မတီအသီးသီးက ကြိုးပမ်းဆောင်ရွက်ရေးမှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

## ပနားမား သံအမတ်ကြီး ခန့်အပ်ရန်သဘောတူ

**ရန်ကုန် မတ် ၁၁**

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပနားမား သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာဒေးဗစ်ဂါ့ဒီယာ ဗာရဲလာအား ခန့်အပ်ရန် အဆိုပြုခြင်းကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီး ဖြစ်သည်။

မစ္စတာ ဒေးဗစ်ဂါ့ဒီယာဗာရဲလာသည် ဗန်ကောက်မြို့၌ ရုံးစိုက်နေထိုင်လျက် မြန်မာနိုင်ငံဆိုင်ရာ ပနားမားသံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။ (သတင်းစဉ်)

## ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ် အိုးစည်၊ ဒိုးပတ်နှင့် ယိမ်းအကပြိုင်ပွဲများ ကျင်းပမည်

**ရန်ကုန် မတ် ၁၀**

မြန်မာသက္ကရာဇ် ၁၃၆၇ ခုနှစ် မဟာသင်္ကြန်ပွဲတော်တွင် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ မြန်မာ့ရိုးရာအိုးစည်၊ ဒိုးပတ်နှင့် ယိမ်းအကပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်ပြီး ယိမ်းပြိုင်ပွဲများကို မူလတန်းကြိုကျောင်းများ ၁၂ဦးယိမ်းပြိုင်ပွဲ၊ ရုံးဌာနများ၊ ကျောင်းများ၊ အခြားအဖွဲ့အစည်းများ ၁၂ ဦးယိမ်း၊ ၁၆ ဦးယိမ်းပြိုင်ပွဲများဟူ၍ ကျင်းပပေးသွားမည်ဖြစ်ကြောင်းသိရသည်။

ပြိုင်ပွဲဝင်လိုသော အသင်းများသည် ဧပြီ ၆ ရက် နောက်ဆုံးထား၍ ရုံးချိန်အတွင်း ကျောက်တံတားမြို့နယ်၊ မြို့တော်ဘဏ် ပထမထပ်ရှိ စစ်ဆေးရေးဌာန ရုံးခန်းတွင် လာရောက်စာရင်းပေးသွင်းနိုင်ပြီး အသေးစိတ်သိရှိလိုသော အချက်များကို လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်း-၃၇၉၆၉၃၊ ၃၇၈၀၀၃၊ ၃၇၉၇၉၁၊ ၃၇၄၈၂၂ တို့သို့ဖြစ်စေ ဆက်သွယ်စုံစမ်းနိုင်သည်။ (သတင်းစဉ်)

# တိုင်းလုံးကျွတ် စာကြည့်တိုက်များ ထူထောင်လျက် ဆောင်ရွက်နေသော
# နယ်မြေဖွံ့ဖြိုးမှု ပသာဒရှုခင်း

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်(၅)နှစ်ပြည့် အထိမ်းအမှတ် အခမ်းအနားတက်ရောက်ရန် ဖိတ်စာရရှိခဲ့သည်။ မအူပင်မြို့နယ် ကျုံနတ္တော်ကျေးရွာ ဆရာဦးဟန်ညွန့်အထိမ်းအမှတ် အလင်းရောင် စာကြည့်တိုက်တွင်ဖြစ်သည်။ (၄)နှစ်ပြည့် အထိမ်းအမှတ် စာပေဟောပြောပွဲတွင် ဆရာချစ်နိုင်(စိတ်ပညာ)နှင့် ဆရာလယ်တွင်းသားစောချစ်တို့ လာရောက်ဟောပြောခဲ့ကြသည်။ ထိုနှစ်က စာရေးသူမတက်ရောက်နိုင်ခဲ့ပါ။ ဒီနှစ်တော့ မဖြစ်မနေတက်ရောက်ရန် မအူပင်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ကို ကိုယ်စားပြုကာ စာရေးသူနှင့် ကျင်ဝင်းငြိမ်း(မအူပင်)တို့ လိုက်ပါလာခဲ့သည်။ ကျုံနတ္တော်ကျေးရွာ စာကြည့်တိုက်ကို ထူထောင်ခဲ့သော ဆရာဦးဟန်ညွန့်မိသားစုဝင် ဦးစိုးငြေး (မူဆယ်စားသောက်ဆိုင်)က ကားစီစဉ်ပေးသည်။

**ကျုံနတ္တော်ကျေးရွာကိုသွားလိုလျှင် တစ်ချိန်က ကွင်းလမ်းက သွားရသဖြင့် ခရီးမတွင်။ မနှစ်ကဆိုလျှင် စာရေးဆရာအဖွဲ့ကို စစ်ချောင်းကျေးရွာကိုပို့၊ ထိုမှတစ်ဆင့် ကျုံနတ္တော်ကိုလှည်းဖြင့် ခေါ်ယူရသည်ဟု သိရသည်။ ယခုမူ မအူပင်မြို့အနောက်ဘက် အောင်ဟိတ်ကျေးရွာနှင့် ဆိပ်သာကျေးရွာ ကျေးရွာချင်းဆက် ကျောက်ချောလမ်းသစ်ကို နိုင်ငံတော်က ဖောက်လုပ်ပေးထားသည်။ လမ်းအရှည် ရှစ်မိုင်၊ ခြောက်ဖာလုံ ရှိသည်။**

**လမ်းဘေးဝဲယာရှိ ဆက်သွယ်ရန် ခက်ခဲသောရွာများ မြို့နှင့် ဆက်သွယ်ရန် လွယ်ကူသွားသည်။ ကျေးရွာများ ခေတ်မီတိုးတက်နေကြောင်းကို ထိုကားလမ်းပေါ်တွင် ဥဒဟိုသွားလာနေသော ကျေးရွာသူ ကျေးရွာသားတို့၏ စက်ဘီး၊ဆိုင်ကယ်တို့က သက်သေပြနေသည်။ ရွှေရောင်၊ မြရောင်ခြယ်သထားသော နွေစပါးခင်းများ၊ ရင့်မှည့်နေသော နေကြာခင်းများ၊ ဤသည်တို့မှာ ကျေးရွာများ၏ ခနအင်အားခိုင်မာမှုကို ဖော်ပြနေသည်။**

လမ်း၏ယာဘက် ရေလဲကြီးကျေးရွာအနီးတွင် သဘာဝဓာတ်ငွေ့များ တူးဖော်နေသော မြင်ကွင်းကိုလည်း မြင်တွေ့လိုက်ရသည်။ ဤဒေသ၊ ဤလမ်းအတွေ့အကြုံရှိသော ကားဆရာနှင့် ကားပေါ်မှ ကျွန်တော်တို့အုပ်စု မျက်မှောက်ဒေသ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်လာမှုကို စကားလက်ဆုံ ကျမိခဲ့ကြသည်။

ထိုသို့ စကားလက်ဆုံကျနေရင်း မကြာသေးမီက BBC က ထုတ်လွှင့်သော "ကျေးတမာနှင့် ပေဖူးလွှာ"အခန်းတွင် ဘိုကလေးမြို့မှ မသီတာစိုးဆိုသူ၏ ပေးစာထုတ်လွှင့်သွားခဲ့သည်ကို ပြန်လည်အမှတ်ရမိသည်။ ထိုပေးစာတွင် သတင်းစာများ၌ နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးမှုများ ရေးသားနေသော စာရေးဆရာ၊ ဆောင်းပါးရှင်များနှင့် စာရေးသူ အပါအဝင် ကလောင်အမည်တွေ ထုတ်ဖော်ပြီးဝေဖန်သွားခဲ့သည်။ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု မရှိတာကို ရှိသယောင် အစိုးရဘက်က ဘက်လိုက်ရေးသားနေကြောင်း မမှန်မကန် စွပ်စွဲထုတ်လွှင့်သွားခဲ့သည်။

အဆိုပါ ဘိုကလေးမြို့မှ မသီတာစိုးသည် မျက်မမြင်တစ်ယောက်ပင် ဖြစ်လိမ့်မည်ဟု ကျေးရွာများ ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်းကို လက်တွေ့ကြည့်၍ ကောက်ချက်ချမိသည်။

နိုင်ငံတော်အကြီးအကဲက–

> **"နိုင်ငံသားများရဲ့ Intellectual Power မြင့်မားပြီး အများအမှန်ကို ဦးနှောက်နဲ့ ခွဲခြားစဉ်းစားတတ်မှသာ ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်နိုင်မှာဖြစ်ကြောင်း"**

ဩဝါဒပြု လမ်းညွှန်ထားသည်။ ထို့ကြောင့် ပြန်ကြားရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ကျေးရွာများ၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ခဲ့သည်။

စာရေးသူတို့ ဧရာဝတီတိုင်းအနေဖြင့် တိုင်းလုံးကျွတ် ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ပြီးခဲ့ပြီးဖြစ်သည်။ ၂၀၀၆ခုနှစ် မတ်လ၇ရက်နေ့တွင် ဧရာဝတီတိုင်း ပုသိမ်မြို့နယ်၌ တိုင်းလုံးကျွတ် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ထူထောင်ပြီးနောက် အခမ်းအနားတစ်ရပ်ကို ကျင်းပခဲ့သည်။ ထိုအခမ်းအနားတွင် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်က တိုင်းအတွင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးရှင်သန်ရေးအတွက် ငွေသားကျပ် ၅၀၂၉၆၀၀နှင့် စာအုပ်၆၆၈၂အုပ်ကျော်ကို ပေးလှူခဲ့သည်။ စာရေးသူတို့ ဧရာဝတီတိုင်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့် တိုက်ပေါင်း ၁၂၁၁၁ ခု ထူထောင်ခဲ့ပြီးကြောင်း သိရသည်။

စာရေးသူတို့၏ မအူပင်မြို့နယ်၌လည်း စာကြည့်တိုက်ပေါင်း ၄၄၂ခုဖွင့်လှစ်၍ ကျေးရွာတိုင်းအထိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ

**ခြင်ကျား (မအူပင်)**

ထူထောင်ပြီးခဲ့ပြီးဖြစ်သည်။ မအူပင်မြို့နယ် ကျုံနတ္တော်ကျေးရွာ စာကြည့်တိုက်ဆိုလျှင် ၂၀၀၁ခုနှစ်ကပင် ဒေသခံ ကွယ်လွန်သူဆရာကြီး ဦးဟန်ညွန့်၏ သားသမီးများက လှူဒါန်းတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

**တစ်ချိန်က မအူပင်မြို့မှ ကျုံနတ္တော်ကျေးရွာအထိ နွေရာသီ၌သာ လှည်းလမ်းမှ ကားဖြင့်နှစ်နာရီကြာ ခက်ခဲစွာသွားခဲ့ရသော်လည်း ယခုအခါ မြို့နှင့်ကျေးရွာ ကျေးရွာချင်းဆက် ကားလမ်းများ ဖောက်လုပ်ပြီး ဖြစ်သဖြင့် ၄၅မိနစ်ဖြင့် ချောမွေ့စွာ ရောက်ရှိခဲ့ပြီ။**

စာရေးသူတို့အဖွဲ့သည် ကျုံနတ္တော်ကျေးရွာ အလင်းရောင် စာကြည့်တိုက်၌ ခေတ္တအပန်းဖြေရင်း စာကြည့်တိုက်အဆောက်အအုံကို လေ့လာခဲ့ကြသည်။ သုံးပင်နှစ်ခန်း နှစ်ထပ်တိုက် အဆောက်အအုံဖြစ်သည်။ ဤကျေးရွာစာကြည့်တိုက်တွင် ကက်တလောက်စနစ် အသုံးပြုနေပြီ ဖြစ်ကြောင်း တွေ့ရသည်။

စာကြည့်တိုက်ကောင်တာပေါ်တွင် သွပ်ဖြင့်ပြုလုပ်ထားသော သွပ်ပုံးတစ်ခုတွေ့ရပြီး သွပ်ပုံးဘေးတွင် **"ကျုံနတ္တော်ကျေးရွာ စာကြည့်တိုက် နယ်လှည့်စာကြည့်တိုက် လေးအိမ်တန်းကျေးရွာ"** ဟူသည့် စာလုံးရေးထားသည်။ ကျုံနတ္တော်ရွာနှင့် အနီးအနားရွာများမှ နယ်လှည့်စာကြည့် တိုက်ပုံးများ တစ်ပတ်တစ်ခါလာယူ၍ ဖတ်ရှုခဲ့ကြကြောင်း၊ ယခုအခါ ထိုကျေးရွာများသည်လည်း ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ပြီးကြောင်းသိရသည်။ သို့ဖြစ်ရာ စာအုပ်အင်အား ဖွံ့ဖြိုးမှုအား အရှိန်အဟုန်မြင့်နေသော ကျုံနတ္တော်ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်မှ အနီးအနားရွာများကို နယ်လှည့်စာကြည့်တိုက်ပုံးများဝေငှကာ ဆက်လက်အားဖြည့်နေကြောင်း သိရလေသည်။

စာရေးဆရာနန္ဒာသိန်းဇံတို့ စီးနင်းလိုက်ပါလာသောကား မကြာမီ ရောက်ရှိလာသည်။ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ကော်မတီမှ ဧည့်သည်များကို ဟင်းရံမြိုင်လှသော ထမင်းပွဲဖြင့် ဧည့်ခံ ကျွေးမွေးခဲ့ကြသည်။ ဆရာနန္ဒာသိန်းဇံမှာ ကျန်းမာရေးချို့တဲ့သည့်ကြားကပင် စာပေဟောပြောပွဲ ချီးမြှင့်ရန် လာရောက်ခဲ့ကြောင်း သိရသဖြင့် ဆရာ၏စေတနာကို လေးစားဂုဏ်ယူမိသည်။

**ယနေ့ ပညာခေတ် (Knowledge Age) တွင် မိမိတို့နိုင်ငံကိုလည်း နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့် အညီ ပညာကိုအခြေခံသော လူ့ဘောင် (Knowledge Based Society)၊ ပညာကို အခြေခံသော စီးပွားရေး (Knowledge Based Economy) စနစ်ဖြစ်အောင် ကြိုးပမ်းဆောင်ရွက် လျက် အသိဉာဏ် ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ပေးရဦးမည်။**

ကျုံနတ္တော်ကျေးရွာ မိုးကုတ်ဓမ္မာရုံတွင် ကြိုတင်ရောက်ရှိနေသော ဧည့်ပရိသတ်က အပြည့်ဖြစ်သည်။ စာပေဟောပြောပွဲမစမီ စာပေလှူဒါန်းပွဲ စတင်သည်။ ကျုံနတ္တော် ကျေးရွာစာကြည့်တိုက်သို့ စေတနာရှင်များက ၂၁လက်မတီဗွီတစ်လုံး၊ မီးစက်၊ ရေဒီယိုနှင့် ငွေပဒေသာပင်အတွက် ငွေသားသုံးသိန်းကျော် စိုက်ထူလှူဒါန်းခဲ့ကြသည်။ မအူပင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးအောင်စိုးက စာအုပ်များ လှူဒါန်းခဲ့ပြီး ကျုံနတ္တော်ကျေးရွာ စာကြည့်တိုက်ကော်မတီကလည်း မြို့ပေါ်ရှိ ကျေးရွာစာကြည့်တိုက်များကို ထပ်ဆင့်လှူဒါန်းနိုင်ရန် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ စာအုပ်များ ပြန်လည် လှူဒါန်းခဲ့သည်။

ဤလှူဒါန်းပွဲကို မုဒိတာပွားခဲ့အပြီး၌ စာရေးဆရာ နန္ဒာသိန်းဇံ၏ စာပေဟောပြောပွဲကို စတင်သည်။ တပေါင်းနေ၏ အပူအောက်တွင် စာပေလှူဒါန်းပွဲနှင့် စာပေဟောပြောပွဲကျင်းပခဲ့သည်။ ကျုံနတ္တော်ကျေးရွာ ဓမ္မာရုံအရိပ်၏ အေးမြမှုနှင့် ဤသို့ ငါးနှစ်ကာလတိုင် ဖွံ့ဖြိုးရှင်သန်အောင် ကျေးရွာစာကြည့်တိုက်ကို အရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ကြသော စေတနာအရိပ်က တပေါင်းနေ၏အပူကို အောင်မြင်စွာ တွန်းလှန်နိုင်ခဲ့သည်။

မအူပင်မြို့နယ် ကျုံနတ္တော်ကျေးရွာစာကြည့်တိုက်သည် စာကြည့်တိုက်များ၏ ထူးခြားသော ဝိသေသ (၅)ရပ်နှင့် အံကိုက်ပြည့်စုံလှသည်ကို တွေ့ရှိရသည်။ ထိုဝိသေသ(၅)ရပ်မှာ (က) ပညာရပ်စုံ၊ ရသစုံစာအုပ်များ စုံလင်စွာထားရှိခြင်း (ခ) စင်ဖွင့်စင်ပိတ် နှစ်မျိုးထားရှိခြင်း (ဂ) လူတန်းစား၊ အသက်အရွယ်၊ ပညာအရည်အချင်း ကန့်သတ်ချက်မရှိ အသုံးပြုနိုင်ခြင်း (ဃ) အခမဲ့ငှားရမ်းဖတ်ရှုနိုင်ခြင်း (င) အသင်းဝင်ကြေး၊ လစဉ်ကြေး သတ်မှတ်ကောက်ခံမှုမရှိခြင်းတို့ ဖြစ်သည်။

ထိုအထိမ်းအမှတ် အခမ်းအနား၌ပင် ကျေးရွာစာကြည့်တိုက် စတင်တည်ထောင်သော ဆရာကြီး ဦးဟန်ညွန့်မိသားစုက စာကြည့်တိုက်မှူး၏ တစ်နှစ်လစာကို လှူဒါန်းခဲ့သည်။

စာရေးသူနှင့် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်တို့ ရင်ထဲတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွံ့ဖြိုးရှင်သန်စေရန် ကာယအား၊ ဉာဏအား၊ ဒါနအားဖြင့် ပံ့ပိုးသူများအပေါ် လေးစားဂုဏ်ယူမိသော စိတ်ကြောင့် ချမ်းမြေ့ပီတိဖြစ်နေပေသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက ၂၀၀၆ ခုနှစ် မတ်လ ၁၂ရက်နေ့ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေစိစစ်နှင့် မှတ်ပုံတင်ရေးဌာနတွင် ဝန်ထမ်းများနှင့် တွေ့ဆုံစဉ်–

> **"ယနေ့ပညာခေတ်(Knowledge Age)တွင် မိမိတို့နိုင်ငံကိုလည်း နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့် အညီ ပညာကိုအခြေခံသော လူ့ဘောင်(Knowledge Based Society)၊ ပညာကို အခြေခံသော စီးပွားရေး(Knowledge Based Economy)စနစ်ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်လျက် အသိဉာဏ် ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ပေးရဦးမည် ဖြစ်ကြောင်း"**

ထည့်သွင်းမှာကြားခဲ့ပြီးဖြစ်သည်။

ပြန်ကြားရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ၂၀၀၆ခုနှစ် မတ်လ ၁၅ရက်နေ့အထိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ပေါင်း ၅၂၃၉၁ တိုက်ကို တည်ထောင်ပေးခဲ့ပြီးဖြစ်သည်။ စာရေးသူတို့ ဧရာဝတီတိုင်းတွင်လည်း ဧရာဝတီတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ကြီးကြပ်မှုကော်မတီ နာယက အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်၏ ဦးဆောင်မှုဖြင့် တိုင်းလုံးကျွတ်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ပြီးဖြစ်သည်။ ဤသို့ ရေခံ၊မြေခံ၊ အခြေခံကောင်းသောဒေသ၌ တည်ထောင်ပြီးသော စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရန် စာပေဟောပြောပွဲများ၊ စာပေလှူဒါန်းပွဲများ ကျင်းပခြင်းသည် မှန်မြတ်သောလုပ်ငန်းဖြစ်ပါကြောင်း မအူပင်မြို့နယ် ကျုံနတ္တော်ကျေးရွာ စာကြည့်တိုက် (၅)နှစ်ပြည့် အထိမ်းအမှတ်ပွဲအား လက်တွေ့ရှုမြင်လျက် ခံစားတင်ပြလိုက်ရပါသည်။ ။

---


**ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များထူထောင်မှု ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့**

**၂၀၀၆ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် (၅၂၃၉၁)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။**

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန် ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်၊ မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**
**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**

# အမေရိကန်တို့ ဗင်နီဇွဲလားကို ကျူးကျော်လျှင် ရင်ဆိုင်နိုင်ရေး ပြင်ဆင်ထားရန် သမ္မတချာဗက်ဇ် တိုက်တွန်း

ကာရာကတ်စ် မတ် ၂၉

**ဗင်နီဇွဲလားနိုင်ငံသို့ အမေရိကန်တပ်ဖွဲ့များ ကျူးကျော်ဝင်ရောက်လာခဲ့လျှင် ၎င်းတို့ကို အဆိပ်လူးမြားဖြင့် ကြိုဆိုမည်ဖြစ်ကြောင်း ဗင်နီဇွဲလားသမ္မတက မတ် ၂၆ ရက်တွင် ထုတ်ဖော်ပြောကြားသည်။**

ရေနံကြွယ်ဝသော ဗင်နီဇွဲလားနိုင်ငံကို စိုးမိုးထားရန် နိုင်ငံအတွင်း ကျူးကျော် ဝင်ရောက်ရေး ပြင်ဆင်နေကြောင်း ဗင်နီဇွဲလားသမ္မတက မကြာခဏ ထုတ်ဖော်ပြောကြားလေ့ရှိသည်။ သမ္မတ ဟူဂိုချာဗက်ဇ်က အရပ်ဘက်အရန်တပ်ဖွဲ့များကို ပြောက်ကျားစစ်ဆင်နွှဲနိုင်ရေး ပြင်ဆင်ထားကြရန်၊ လေးနှင့် မြားပစ်ခတ်မှု အပါအဝင် တိုက်ခိုက်ရေးနည်းများကို လေ့ကျင့်သင်ကြားပေးသွားရန် ဗင်နီဇွဲလားတပ်ဖွဲ့များကို အမိန့်ပေးထားကြောင်း သိရသည်။

ဗင်နီဇွဲလားသမ္မတကို လုပ်ကြံရန် အမေရိကန်က ကြံစည်နေသည်ဆိုသော အချက်ကို အမေရိကန်အရာရှိများက ငြင်းဆိုခဲ့သည်။ ထို့အပြင် နိုင်ငံကို အမေရိကန်က ကျူးကျော်ရန် စိုင်းပြင်းနေသည်ဆိုသော ကိစ္စမှာလည်း လာမည့် ဒီဇင်ဘာလ ရွေးကောက်ပွဲတွင် မဲအနိုင်ရရေး စည်းရုံးနိုင်ရန် ဖန်တီးခြင်းသာဖြစ်ကြောင်း အမေရိကန်တို့က သမ္မတချာဗက်ဇ်၏ ပြောကြားချက်ကို ပြန်လည်တုံ့ပြန်ကြသည်။ သို့ရာတွင် ဗင်နီဇွဲလားသမ္မတသည် လက်တင်အမေရိကဒေသ ဒီမိုကရေစီထွန်းကားရေးကိစ္စတွင် အဟန့်အတားပင်ဖြစ်သည်ဟု အမေရိကန်တို့က ပြောကြားကြသည်။

အမေဇုန်ဒေသ အင်ဒီးယန်းများ အသုံးပြုသော ကူရာရီအပင်မှ ရသည့် အဆိပ်လူးထားသော မြားဖြင့် ကျူးကျော်လာသော ကန်တပ်ဖွဲ့ဝင်များကို ရင်ဆိုင်သွားမည်ဆိုသော စကားများကို သမ္မတ ချာဗက်ဇ်က ဝန်ကြီးအဖွဲ့ဝင်များ၊ စစ်တပ်ဖွဲ့အရာရှိများနှင့် အရပ်ဘက်အရာရှိများ တက်ရောက်သော အစည်းအဝေးတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

ဗင်နီဇွဲလားနိုင်ငံသည် အမေရိကန်၏ ရန်သူဖြစ်သော ကျူးဘားနိုင်ငံ၊ အီရန်နိုင်ငံတို့နှင့်လည်း တရင်းတနှီးရှိသည်။ ဆိုရှယ်လစ်စနစ် လက်ခံသော ဗင်နီဇွဲလားနှင့် အမေရိကန်တို့သည် တစ်ဖက်နှင့်တစ်ဖက် အပြင်းအထန်ဝေဖန်ကာ အပြန်အလှန် အပြစ်တင်လျက်ရှိကြသည်။

ဗင်နီဇွဲလားတပ်ဖွဲ့များက လေ့ကျင့်မှုများ စတင်ပြုလုပ်နေသကဲ့သို့ ဗင်နီဇွဲလား အာဏာပိုင်များကလည်း ရုရှား၊ စပိန်နှင့် ဘရာဇီးနိုင်ငံများမှ စစ်ရဟတ်ယာဉ်များ၊ သင်္ဘောများ၊ လေယာဉ်များနှင့် လက်နက်သစ်များကို ဝယ်ယူရန် ဆောင်ရွက်လျက်ရှိသည်။

သမ္မတ ချာဗက်ဇ်က အမေရိကန်တို့၏ အစီအစဉ်ဖြစ်သော အမေရိကဒေသ လွတ်လပ်စွာ ကုန်သွယ်ရေးကိစ္စကို ဆန့်ကျင်သည်။ ဗင်နီဇွဲလားသမ္မတ၏ အယူအဆကို တောင်အမေရိကဒေသရှိ လက်ဝဲအယူရှိသော အဖွဲ့အစည်းများကလည်း ထောက်ခံကြသည်။ ***အမ်အင်အေ၊ရိုက်တာ။***



**အရှေ့အလယ်ပိုင်းဒေသ ဂျော်ဒန်နိုင်ငံတွင် အိမ်မွေး ကြက်ငှက်များ၌ H 5 N 1 ရောဂါပိုး ရှိ၊ မရှိ စစ်ဆေးနေသော ကျန်းမာရေးဝန်ထမ်းများကို မတ် ၂၉ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# ကိုလံဘီယာ၌ ကြက်ငှက်တုပ်ကွေးရောဂါ တိုက်ဖျက်

**ဘိုဂိုတာ မတ် ၂၉**

ကိုလံဘီယာနိုင်ငံသည် H 5 N1 ကြက်ငှက်တုပ်ကွေးရောဂါ ကျရောက်ဖြစ်ပွားနိုင်ခြေရှိသမျှကို တိုက်ဖျက်ရန် အမေရိကန် ဒေါ်လာ ၅ ဒသမ ၅သန်း ကျခံသုံးစွဲမည့် စီမံကိန်းတစ်ရပ်ကို ချမှတ် ဆောင်ရွက်လျက်ရှိကြောင်း ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

ကြက်ငှက်တုပ်ကွေးရောဂါနှင့် ပတ်သက်၍ အရေးပေါ် ပြင်ဆင်ထားရှိမှု၊ ပြည်သူများအကြား ကျန်းမာရေးအသိနိုးနိုးကြားကြားရှိမှု၊ ရောဂါစူးစမ်းလေ့လာမှုနှင့် စီမံခန့်ခွဲမှု၊ ရောဂါတားဆီးမှု၊ အခြေခံဝန်ဆောင်မှုလုပ်ငန်းများ ထိန်းသိမ်းထားရှိမှုနှင့် စူးစမ်းလေ့လာမှုနှင့် ချင့်ချိန်တွက်ဆမှုတည်းဟူသော ကဏ္ဍခြောက်ရပ်ကို ယင်းစီမံကိန်းတွင် ဆောင်ရွက်ရန် ရည်ရွယ်ထားကြောင်း တာဝန်ရှိသူများက တနင်္လာနေ့တွင် ပြောကြားသည်။

ယင်းစီမံကိန်းအရ ကိုလံဘီယာနိုင်ငံသည် ကာကွယ်ဆေးဝယ်ယူရန် အမေရိကန်ဒေါ်လာ ၁ ဒသမ ၈သန်းကို စတင်သုံးစွဲမည်ဖြစ်သည်။ နောက်တစ်ဆင့်အနေဖြင့် ရှေးဦးသတိပေးစနစ်များကို အဆင့်မြှင့်ဆောင်ရွက်ပေးမည်ဖြစ်သည်။ ထို့အပြင် ကြက်ငှက်တုပ်ကွေးရောဂါ ကျရောက်ဖြစ်ပွားလာပါက တာဝန်ထမ်းဆောင်ကြရမည့် အရေးပေါ် ဝန်ထမ်းများ၊ ပုဂ္ဂလိက ဆေးရုံဝန်ထမ်းများ၊ ဆက်သွယ်ရေးဝန်ထမ်းများနှင့် သယ်ယူပို့ဆောင်ရေးဝန်ထမ်းများကို သင်တန်းပို့ချပေးရာတွင် ပိုမိုထိရောက်အောင် ဆောင်ရွက်ပေးမည်ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



**တရုတ်နိုင်ငံ ချုံကင်းမြို့တွင် စကိတ်များစီးကာ ကင်းလှည့်နေသော အမျိုးသမီးရဲတပ်ဖွဲ့ဝင်အချို့ကို မတ် ၂၉ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# အီရန်-အိန္ဒိယ ဓာတ်ငွေ့ပေးဝေရေး ဆွေးနွေးပွဲပြုလုပ်မည်

နယူးဒေလီ မတ် ၂၉

**အိန္ဒိယနိုင်ငံနှင့် ဓာတ်ငွေ့ပေးဝေရေး သဘောတူညီထားမှုကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အီရန်ဒုတိယသမ္မတ ရာဟမ်မာရှာအီက မတ် ၂၇ ရက်တွင် ပြောကြားချက်ကို အင်ဒိုအာရှသတင်းဌာနက ဖော်ပြခဲ့သည်။**

ဓာတ်ငွေ့ပေးဝေမှုနှင့် ပတ်သက်၍ ဆွေးနွေးမှုပြုလုပ်ရန် အိန္ဒိယနိုင်ငံသို့ မကြာမီကာလတွင် အီရန်ရေနံဝန်ကြီး လာရောက် လည်ပတ်မည်ဖြစ်သည်ဟု အီရန်ယဉ်ကျေးမှုအမွေအနှစ်နှင့် ခရီးသွားလာရေးအဖွဲ့၏ ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော မာရှာအီက အပြည်ပြည်ဆိုင်ရာ ဆွေးနွေးပွဲ တက်ရောက်စဉ် ပြောကြားခဲ့သည်။

ယမန်နှစ်က သဘာဝဓာတ်ငွေ့ရည် တန်ချိန် ငါးသန်းရရှိရန် သဘောတူလက်မှတ်ရေးထိုးခဲ့ကြပြီး အီရန်-ပါကစ္စတန်-အိန္ဒိယ ဓာတ်ငွေ့ပိုက်လိုင်း သွယ်တန်းမှု သဘောတူညီချက်အရ နှစ်စဉ် ဓာတ်ငွေ့ ကုဗမီတာ သန်း ၆၀ မှ သန်း ၉၀ထိကိုလည်းကောင်း၊ သဘာဝဓာတ်ငွေ့ တန်ချိန် ၂ဒသမ၅ သန်းကိုလည်းကောင်း ရရှိရန် အိန္ဒိယနိုင်ငံက လိုလားလျက်ရှိသည်။

ဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်းအတွက် ဆွေးနွေးမှုကို အိန္ဒိယနိုင်ငံ၌ ဧပြီလတွင် သုံးနိုင်ငံမှ ဝန်ကြီးအဆင့် ဆွေးနွေးပွဲကို ကျင်းပရန် အိန္ဒိယ-ပါကစ္စတန်နှင့် အီရန်နိုင်ငံတို့က အစောပိုင်း၌ ကြေညာခဲ့သည်။ သို့သော် အဆိုပါဓာတ်ငွေ့စီမံကိန်းအတွက် အိန္ဒိယနှင့် အီရန် နှစ်နိုင်ငံသာ ဆွေးနွေးမည်ဟု ဒေသဆိုင်ရာသတင်းဌာနက ဖော်ပြခဲ့သည်။

အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းနှင့် မာရှာအီတို့ မတ် ၂၅ ရက်တွင် တွေ့ဆုံခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# ဗီယက်နမ်သို့ ပြည်ပခရီးသည် ပိုမိုလာရောက်ဖွယ်ရှိ

**ဟနွိုင်း မတ် ၂၉**

ဗီယက်နမ်နိုင်ငံသို့ ယခုနှစ် ပထမလအတွင်း ပြည်ပမှ ခရီးသည်တစ်သန်းကျော် အလည်အပတ်ရောက်လာနိုင်ဖွယ်ရှိရာ နှစ်အလိုက် ၁၅ ရာခိုင်နှုန်း မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

ဗီယက်နမ်သို့ လာရောက်မည့် ခရီးသည်များတွင် ရုရှား၊ အမေရိကန်၊ ကနေဒါ၊ တောင်ကိုရီးယား၊ ဂျပန်၊ မလေးရှား၊ ထိုင်း၊ ဩစတြေးလျ၊ ဂျာမနီနှင့် ဟော်လန်နိုင်ငံများမှ ဖြစ်ကြကြောင်း ဗီယက်နမ် အမျိုးသားခရီးသွားလာရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# သီရိလင်္ကာ ကုန်သွယ်ရေး သိသာစွာ ကျဆင်း

**ကိုလံဘို မတ် ၂၉**

သီရိလင်္ကာနိုင်ငံ၏ ကုန်သွယ်ရေးလုပ်ငန်းသည် ၂၀၀၆ ခုနှစ် ဇန်နဝါရီလတွင် အမေရိကန်ဒေါ်လာ သန်း ၂၄၀ လျော့နည်းခဲ့ကြောင်း ဗဟိုဘဏ်က မတ် ၂၇ ရက်တွင် ပြောကြားသည်။

သို့သော် ပုဂ္ဂလိကလွှဲပြောင်းငွေလုပ်ငန်း၌ ၂၆ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ ကုန်သွယ်ရေးလုပ်ငန်း လျော့နည်းသော်လည်း လွှဲပြောင်းငွေလုပ်ငန်း တိုးတက်မှုကြောင့် ငွေပေးငွေယူရှင်းတမ်းတွင် လိုအပ်နေသော ငွေကို ဖြည့်ဆည်းနိုင်ခဲ့ကြောင်း ဗဟိုဘဏ်က ဆိုသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## နိုင်ငံတကာသတင်းများ

# ပေကျင်းမြို့တော်တွင် သဲမုန်တိုင်း တိုက်ခတ်

**ပေကျင်း မတ် ၂၉**

တရုတ်နိုင်ငံ ပေကျင်းမြို့တော်တွင် တနင်္လာနေ့နံနက်ပိုင်းက သဲမုန်တိုင်း ဆက်လက်တိုက်ခတ်လျက်ရှိသဖြင့် ပေကျင်းမြို့၏ လေထုအခြေအနေသည် သဲများ၊ ဖုန်များဖြင့်ပြည့်လျှမ်းကာ အရည်အသွေးနိမ့်ကျ ဆိုးရွားလျက်ရှိသည်။

**လေးရက်ဆက်တိုက်**

ယခုနှစ်တွင် ပေကျင်းမြို့တော်တွင် သဲမုန်တိုင်းတိုက်ခတ်မှုကြောင့် လေထုပမာဏ တစ်ကုဗမီတာလျှင် ဖုန်မှုန့် ၃၄၆ မိုက်ကရိုဂရမ် ပါဝင်လျက်ရှိသဖြင့် လေထုညစ်ညမ်းမှု လေးရက်ဆက်တိုက်ဖြစ်ပေါ်နေသည်ဟု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနက ပြောကြားသည်။

သဲမုန်တိုင်းသည် မွန်ဂိုလီးယား၊ တရုတ်နိုင်ငံမြောက်ပိုင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အတွင်းမွန်ဂိုလီးယား၊ ဂန်ဆုပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နင်ကျားဟွီတို့တွင် မတ်လ ၂၆ ရက်နေ့က တစ်ကျော့ပြန်တိုက်ခတ်နေသည်။ လေပြင်းနှင့်အတူ သဲများပါလာပြီး ပေကျင်းမြို့တော်သို့ တနင်္လာနေ့နံနက်ပိုင်းက ဦးတည်တိုက်ခတ်ခြင်းဖြစ်သည်ဟု အဆိုပါဌာနက ပြောကြားသည်။

လွန်ခဲ့သည့် စနေနေ့ကလည်း မွန်ဂိုလီးယားဒေသမှ တိုက်ခတ်လာသည့် ပြင်းထန်သည့် သဲမုန်တိုင်းသည် ပေကျင်းမြို့တော်ဆီသို့ တိုက်ခတ်သွားပြီး လေမုန်တိုင်းနှင့်အတူ ဖုန်မှုန့်များပါလာ၍ ပေကျင်းမြို့တော်တစ်ဝန်း နောက်ထပ်တစ်ကြိမ် လေထုညစ်ညမ်းခဲ့ရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



**နိုင်ငံတကာ အာကာသစခန်းယာဉ်တွင် တာဝန်ထမ်းဆောင်မည့် အာကာသယာဉ်မှူးသုံးဦးကို တင်ဆောင်လျက် ကာဇက်စတန်နိုင်ငံ ဗိုင်ကိုနော အာကာသလွှတ်တင်ရေးစခန်းမှ ရုရှားဆိုယုဇ် တီအမ်အေ-၈ ဒုံးပျံယာဉ်ကို မတ် ၃၀ ရက်က လွှတ်တင်စဉ်။** (ဓာတ်ပုံ-အင်တာနက်)

# နယူးဇီလန်နိုင်ငံသို့ တိုနီဘလဲ လာရောက်စဉ် အီရတ်စစ်ပွဲ ဆန့်ကျင်ဆန္ဒပြမှုနှင့် ကြုံတွေ့ခဲ့ရ

အုတ်ကလန် မတ် ၂၉

**ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲသည် နယူးဇီလန်နိုင်ငံသို့ အင်္ဂါနေ့က အလည်အပတ်ခရီး စတင်သွားရောက်ခဲ့စဉ် အီရတ်စစ်ပွဲ ဆန့်ကျင်ဆန္ဒပြသူများက ဆူညံစွာဖြင့် ဟစ်ကြွေးဆန္ဒပြမှုနှင့် ကြုံတွေ့ခဲ့ရသည်။**

ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲက နယူးဇီလန်ဝန်ကြီးချုပ် ဟဲလင်ကလပ်ကို လာရောက်တွေ့ဆုံစဉ် ဆန္ဒပြသူ ၈၀ မှ ၁၀၀ အထိရှိသည့် အုပ်စုက အုတ်ကလန် မြို့တော်ခန်းမအနီးမှ တန်းစီကာ တိုနီဘလဲ၏ လက်များနှင့် ဗြိတိန်တပ်မတော်၏ လက်များတွင် သွေးစွန်းနေပြီဟု ဟစ်ကြွေးကြသည်။

၎င်းဆန္ဒပြသူများက "အကြမ်းဖက်စစ်ပွဲ ဆန့်ကျင်တိုက်ခိုက်ရန်အတွက် စစ်သည်တော်များ စည်းလုံးညီညွတ်ကြ" "အီရတ်စစ်ပွဲရပ်ဆိုင်းပစ်" ဟူသည့် စာတန်းများပါရှိသည့် နဖူးစည်းစာတန်းများကို ကိုင်ဆောင်ထားကြသည်။ တိုနီဘလဲသည် နယူးဇီလန်သို့ ၂၄ နာရီကြာ အလည်အပတ်ရောက်ရှိစဉ် ယင်းသို့ ဆန္ဒပြကြခြင်းဖြစ်သည်။

တိုနီဘလဲသည် တရားဝင်မှုမရှိသည့် အီရတ်စစ်ပွဲ တိုက်ခိုက်မှုတွင် ပါဝင် ပတ်သက်ခဲ့သူ တစ်ဦးဖြစ်ပြီး ယင်းကိစ္စ နှင့်စပ်လျဉ်း၍ အရေးပါသော သက်သေ တစ်ဦးဖြစ်သည်ဟု ဆန္ဒပြသူတစ်ဦးဖြစ်သည့် ဒေးဗစ်ပါကာက ပြောကြားသည်။ ကုလသမဂ္ဂ၏ ခွင့်ပြုချက်မရဘဲ အီရတ်နိုင်ငံကို အမေရိကန်ဦးဆောင်သည့် တိုက်ခိုက်မှုအပေါ် နယူးဇီလန်နိုင်ငံက ဆန့်ကျင်ခဲ့သော်လည်း အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများအတွက် ကူညီသည့်အနေဖြင့် အင်ဂျင်နီယာအဖွဲ့တစ်ဖွဲ့ကို အီရတ်သို့ စေလွှတ်ခဲ့သည်။

***အမ်အင်အေ၊ရိုက်တာ။***



မက္ကဆီကိုနိုင်ငံ မက္ကဆီကိုစီးတီးရှိ လူနေရပ်ကွက်ပေါ်သို့ ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ကို မတ် ၂၅ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

## အင်ဒိုနီးရှား၌ ဆိုင်ကယ်ရောင်းချမှု ကျဆင်းမည် ခန့်မှန်း

**ဂျကာတာ မတ် ၂၉**

အင်ဒိုနီးရှားနိုင်ငံ၌ ဆိုင်ကယ်ရောင်းချမှုနှုန်းသည် ယခုနှစ် ပထမ သုံးလပတ်တွင် ယမန်နှစ်ရောင်းချရမှုနှုန်းထက် ၂၅ ရာခိုင်နှုန်း လျော့ကျသွားမည်ဟု ခန့်မှန်းထားကြောင်း၊ ဈေးကွက် ဝယ်လိုအားလျော့နည်းလာသည့်အတွက်ကြောင့် ရောင်းချမှုနှုန်း ကျဆင်းရခြင်းဖြစ်ကြောင်း ပြည်တွင်းစက်မှုလုပ်ငန်းက ဖော်ပြခဲ့သည်။

ဇန်နဝါရီလမှ မတ်လအတွင်း ဆိုင်ကယ်စီးရေ ၈၆၂၀၀၀ ခန့်သာ ရောင်းချရမည်ဖြစ်ကြောင်း၊ ယမန်နှစ် အလားတူကာလက ဆိုင်ကယ်စီးရေ ၁ ဒသမ ၁၅ သန်းကို ရောင်းချခဲ့ရကြောင်း ပီတီအက်စ်ထရာ ဟွန်ဒါ (အေအိပ်ချ်အမ်)၏ ဈေးကွက်ဒါရိုက်တာ ဂျိုဟန်နက်စ်ဇာမာဝန်က ခန့်မှန်းပြောကြားခဲ့သည်။

ယခုနှစ် ပထမ သုံးလပတ်တွင် ဆိုင်ကယ် ရောင်းချရမှုနှုန်း၏ ၂၅ ရာခိုင်နှုန်းခန့် ကျဆင်းရခြင်းသည် လောင်စာဈေးနှုန်း မြင့်တက်ခြင်းကြောင့်ဖြစ်သည်ဟု ဂျိုဟန်နက်စ်၏ ပြောကြားချက်ကို ကိုးကား၍ ဂျကာတာ ပို့စ်သတင်းစာက မတ် ၂၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

***အမ်အင်အေ၊ဆင်ဟွာ။***



တရုတ်နိုင်ငံ အရှေ့တောင်ပိုင်း ဟန်ကျို့ဒေသရှိ ကွီရှန် အဏုမြူဓာတ်အား ပေးစက်ရုံကို မတ် ၂၉ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

## ဗြိတိန်သို့ လာရောက်မည့် ကန်နိုင်ငံခြားရေးဝန်ကြီးအား စစ်ဆန့်ကျင်သူအုပ်စုများက ဆန္ဒပြရန် စီစဉ်နေ

လန်ဒန် မတ် ၂၉

**အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်စ်၏ ခရီးစဉ်ကို ဆန့်ကျင်သည့်အနေဖြင့် အီရတ်စစ်ပွဲဆန့်ကျင်သူများက ဗြိတိန်နိုင်ငံရှိ ဘလက်ဘန်းနှင့် လီဗာပူးမြို့တို့တွင် ယခုရက်သတ္တပတ်တွင် ဆန္ဒပြကြရန် စီစဉ်နေကြသည်။**

### စီစဉ်နေ

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ရိုက်စ်သည် ဘလက်ဘန်းမြို့သို့ စနေနေ့တွင် ရောက်ရှိလာဖွယ်ရှိပြီး ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဂျက်စထရော၏ မဲဆန္ဒနယ်သို့ လာရောက်လည်ပတ်ဖွယ်ရှိရာ စစ်တားဆီးရေးအုပ်စုက လီဗာပူးမြို့၌ သောကြာနေ့တွင် ဆန္ဒပြကြရန် စီစဉ်နေကြသည်။

### ဒေါသထွက်

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ရိုက်စ်က လီဗာပူးမြို့သို့ လာရောက်လည်ပတ်မည့်ခရီးစဉ် အပေါ် စစ်ရပ်စဲရေးအုပ်စုက ဒေါသထွက်လျက်ရှိသည်။ အဘယ်ကြောင့်ဆိုသော် လီဗာပူးမြို့ကို ၂၀၀၈ ခုနှစ် ဥရောပယဉ်ကျေးမှုမြို့ဟု အမည်ပေးထားသောကြောင့် ဖြစ်သည်။

### ခရီးစဉ်

အမေရိကန်များကြောင့် မက်ဆိုပိုတေးမီးယားဒေသမှ ယဉ်ကျေးမှုတစ်စိတ်တစ်ပိုင်းပျက်စီးခဲ့ကာ ဘဂ္ဂဒက်အမျိုးသားပြတိုက် လုယူခံခဲ့ရပြီးသည်နောက် နိုင်ငံခြားရေးဝန်ကြီး ရိုက်စ်၏ ခရီးစဉ်ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်ဟု အဆိုပါအုပ်စု၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

### ဆန္ဒပြမည်

နိုင်ငံခြားရေးဝန်ကြီး ရိုက်စ် သွားလေရာရာ မိမိတို့ဆန္ဒပြကြမည်ဟု ၎င်းက ပြောကြားသည်။ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ရိုက်စ်၏ မွေးရပ်မြေဖြစ်သည့် အလာဘားမားဒေသသို့ ဗြိတိန် နိုင်ငံခြားရေးဝန်ကြီး စထရောသည် လွန်ခဲ့သည့်နှစ် အောက်တိုဘာလက သွားရောက် လည်ပတ်ခဲ့သည့် ခရီးစဉ်ကို တုံ့ပြန်သောအားဖြင့် ရိုက်စ်က ဗြိတိန်သို့ လာရောက်ခြင်းဖြစ်သည်။

***အမ်အင်အေ၊ရိုက်တာ။***




## တရုတ်နှင့် ဩစတြေးလျနိုင်ငံတို့ အဏုမြူလောင်စာထုတ်ယူရေးစာချုပ် ချုပ်ဆိုနိုင်ဖွယ်ရှိ

ပေကျင်း မတ် ၂၉

**တရုတ်နိုင်ငံ ဝန်ကြီးချုပ်ဝမ်ကြားပေါင် ဧပြီလတွင် ဩစတြေးလျနိုင်ငံသို့ သွား ရောက်လည်ပတ်သောအခါ ဩစတြေးလျနှင့် တရုတ်နှစ်နိုင်ငံတို့သည် အဏုမြူ လောင်စာဖြစ်သော ယူရေနီယံ ထုတ်ယူရေးကိစ္စနှင့်ပတ်သက်၍ စာချုပ်ချုပ်ဆိုနိုင်ဖွယ်ရာရှိသည်ဟု တရုတ်နိုင်ငံခြား ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။**

### ဓာတ်ပေါင်းဖို

လာမည့် ၂၀၂၀ပြည့်နှစ်အရောက်တွင် တရုတ်နိုင်ငံသည် ယွမ်ငွေ ၄၀၀ဘီလီယံ အမေရိကန် ဒေါ်လာ ၅၀ဘီလီယံ) ရင်းနှီးမြှုပ်နှံ၍ အဏုမြူဓာတ်ပေါင်းဖိုအသစ်အလုံး ၃၀နီးပါး ထပ်မံ တည်ဆောက်ရန် စီမံကိန်းများ ရေးဆွဲထားသည်။ ထိုဓာတ်ပေါင်းဖိုသစ်များ ပြီးစီးသွားသောအခါ တရုတ်နိုင်ငံ လျှပ်စစ်ဓာတ်အားကဏ္ဍတွင် အဏုမြူဓာတ်ပေါင်းဖိုများမှ လျှပ်စစ်စွမ်းအားပမာဏ ၄၀ဂိုင်ဂါဝပ်အထိ ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။

### ငြိမ်းချမ်းစွာသုံးရေး

တရုတ်နှင့် ဩစတြေးလျနိုင်ငံတို့သည် အဏုမြူစွမ်းအားကို ငြိမ်းချမ်းစွာ အသုံးပြုရေးနှင့် ဩစတြေးလျနိုင်ငံတွင် အဏုမြူလောင်စာ ယူရေနီယမ် ဓာတ်သတ္တု ရှာဖွေထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရေးကိစ္စများကို လုပ်ကိုင်နိုင်ရေးအတွက် စာချုပ် ချုပ်ဆိုနိုင်ရန် ဆွေးနွေးလျက်ရှိကြသည်ဟု တရုတ်နိုင်ငံခြားဆက်ဆံရေးဌာန အကြီးအကဲ လျူဂျရီက ပြောကြားသည်။

တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင် ဧပြီလတွင် ဩစတြေးလျနိုင်ငံသို့ သွားရောက်လည်ပတ်သောအခါ အထက်ပါကိစ္စများကို စာချုပ် ချုပ်ဆိုလက်မှတ်ရေးထိုးနိုင်စရာရှိသည်ဟု ဆိုသည်။

***အမ်အင်အေ၊ရိုက်တာ။***



မတ် ၂၉ရက်က တူရကီနိုင်ငံ မြေထဲပင်လယ် ကမ်းရိုးတန်းဒေသ ဆီဒဲမြို့ရှိ ရှေးဟောင်းကဇာတ်ရုံအတွင်း နေကြတ်မှုကို စောင့်ကြည့်နေသူများအား တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

## အာရှဒေသသို့ လာရောက်သည့်ခရီးသည်များ ယခုနှစ်ပထမနှစ်လအတွင်း မြင့်မားတိုးတက်လာခဲ့

**စင်ကာပူ မတ် ၂၉**

အာရှဒေသသို့ ယခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်း အလည်အပတ်လာရောက်ရန် ကြိုတင်လက်မှတ်ဝယ်သူဦးရေမှာ ၄ဒသမ၁၉သန်းရှိရာ နှစ်အလိုက် ၉ရာခိုင်နှုန်း မြင့်မားလာခဲ့ခြင်းဖြစ်ကြောင်း စင်ကာပူနိုင်ငံ အခြေစိုက် နိုင်ငံတကာ ခရီးသွားကုမ္ပဏီတစ်ခုက တနင်္လာနေ့တွင် ပြောကြားလိုက်သည်။

ဇန်နဝါရီနှင့် ဖေဖော်ဝါရီလအတွင်း ခရီးသွားလက်မှတ် ကြိုတင်ဝယ်ထားသည့်စာရင်းမှ ၇၉ ရာခိုင်နှုန်းခန့်ကို အဆိုပါခရီးသွားကုမ္ပဏီက လေ့လာပြီးနောက် ဖော်ပြထားခြင်းဖြစ်သည်။

တရုတ်နိုင်ငံသို့ နှစ်သစ်ကူးကာလတွင် နှစ်လကြာ ခရီးရှည်လာရောက်သည့် ဥရောပနှင့် အမေရိကန်ခရီးသည်များအတွက် လေကြောင်းဌာနက အထူးဈေးနှုန်းဖြင့် သတ်မှတ်ခဲ့ခြင်းကြောင့် ရပ်ဝေးခရီးတွင် ခရီးသည်ဦးရေ မြင့်မားလာခဲ့သည်ဟု အဆိုပါကုမ္ပဏီက ပြောကြားသည်။

အာရှပစိဖိတ်ဒေသကို ကျော်ဖြတ်သွားလာသည့် ခရီးစဉ်နှင့်စပ်လျဉ်း၍ တစ်နှစ်လုံးအတွက် ၄ ရာခိုင်နှုန်းမှ ၆ရာနှုန်းအထိ မြင့်မားတိုးတက်လာနိုင်သည်ဟု အဆိုပါကုမ္ပဏီက ခန့်မှန်းပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***





# ရန်ကုန်တိုင်း ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပ တိုင်းမှူးဗိုလ်မှူးချုပ်လှဌေးဝင်း အမှာစကားပြောကြား

ရန်ကုန်    မတ်    ၃၀

**ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီက ကြီးမှူးကျင်းပသည့် ရန်ကုန်တိုင်း ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အခမ်းအနားကို မတ် ၂၄ရက် မွန်းလွဲ ၁နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ်ရှိ ရန်ကင်းပညာရေးကောလိပ် မြတ်ပညာခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့မှ အဖွဲ့ဝင်များ၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူးများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ သူနာပြုများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်းက အမှာစကားပြောကြားသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏ သဝဏ်လွှာကို ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှ ဒုတိယတိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဒေါ်နွယ်နီအုန်းက ဖတ်ကြားသည်။

ယင်းနောက်တိုင်းမှူးက တီဘီရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများတွင်စွမ်းဆောင်မှု ပထမဆု ရရှိသည့် ဒေါပုံမြို့နယ်၊ ဒုတိယဆုရရှိသည့် လှည်းကူးမြို့နယ်နှင့် တတိယဆု ရရှိကြသည့် ဆိပ်ကြီးခနောင်တို မြို့နယ်နှင့် ဗဟန်းမြို့နယ်တို့အား ဆုများကိုပေးအပ်ချီးမြှင့်သည်။

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့် တာဝန်ရှိသူများက တီဘီရောဂါဆိုင်ရာ ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲ၌ ဆုရရှိကြသော မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များနှင့် ကြက်ခြေနီ တပ်ဖွဲ့ဝင်များအား ဆုများကို ပေးအပ် ချီးမြှင့်ကြသည်။

ယင်းနောက် တက်ရောက်လာကြသူများအား တီဘီရောဂါ တိုက်ဖျက်ရေး ပညာပေး ဓာတ်လမ်းတို ပြသကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူး၊ ဇနီးနှင့် ဧည့်သည်များသည် ခန်းမအပြင်၌ ပြသထားသည့် တီဘီရောဂါ တိုက်ဖျက်ရေး လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများနှင့် Population Services International ( PSI ) မှ လှူဒါန်းသည့် တီဘီရောဂါရှာဖွေစမ်းသပ်ရေးနှင့် ပညာပေး မော်တော်ယာဉ်တို့ကို ကြည့်ရှုကြပြီး တီဘီရောဂါဝေဒနာရှင်များအား DOTS ဆေးတိုက်ကျွေးကြသည်။    (သတင်းစဉ်)

## အမှာစကားပြောကြား

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း ရန်ကင်းပညာရေးကောလိပ်၌ကျင်းပသော ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။**    (သတင်းစဉ်)

**မတ်၃၀ရက်က မဂ်လာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာ သင်တန်းများအား မြို့နယ်အတွင်း ကျောင်းများတွင် ဖွင့်လှစ်ထားရှိရာ အမက(၉)ကျောင်းမှ ဆုရရှိသူတစ်ဦးအား မြို့နယ်အလုပ်အမှုဆောင် ဦးဇော်ဝင်းစန်း ဆုချီးမြှင့်စဉ်။**    (ကြေးမုံ)

## မိုးကုတ်ဝိပဿနာ ၁၀ ရက်တရားစခန်းပွဲ

**ရန်ကုန် မတ် ၃၀**

ဘိုကလေးမြို့နယ် စက်ဆန်းမြို့ဦးကျောင်းတိုက် မိုးကုတ်ဝိပဿနာ အဖွဲ့ခွဲ (၂၈၇) ဓမ္မရိပ်သာကြီး၌ (၃၁)ကြိမ်မြောက်တရားစခန်းပွဲကို တန်ခူးလဆန်း ၁၀ ရက်မှ လပြည့်ကျော် ၄ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ယင်းတရားစခန်းပွဲတွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဓာနနာယက ဆရာတော်ဦးမေဃိယ (ဓမ္မာစရိယ) အရှင်သူမြတ်နှင့် ဓမ္မကထိက ဆရာဦးရဲမြင့်တို့က ဟောကြားကြမည်ဖြစ်သည်။(က-ပ)

## တန့်ကြည့်တောင်ဆရာတော် ဩဝါဒပေးမည်

**ရန်ကုန် မတ် ၃၀**

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇတန့်ကြည့်တောင်ဆရာတော်ကြီး ဘဒ္ဒန္တသောမဗုဒ္ဓိသည် မင်္ဂလာဒုံမြို့နယ် အမှတ်(၃) လမ်းမကြီးရှိ ထေရဝါဒ ဗုဒ္ဓသာသနာပြုဌာန တန့်ကြည့်တောင် ဝိပဿနာရိပ်သာ(ရန်ကုန်)၌ ဩဝါဒပေးမည်ဖြစ်ရာ ရာသက်ပန်ယောဂီများ ဧပြီ ၂ရက်(တနင်္ဂနွေ)နေ့ နံနက် ၁၀နာရီခွဲတွင် ရိပ်သာသို့ ကြွရောက်ကြရန် ကပ္ပိယကာရကအဖွဲ့က ဖိတ်ကြားထားသည်။    (က-ပ)





## ကျေးရွာစာကြည့်တိုက်များ ခရိုင်လုံးကျွတ်ဖွင့်လှစ် စာအုပ်နှင့် ငွေပဒေသာပင်လှူဒါန်းပွဲကျင်းပ

**ရန်ကုန်    မတ်    ၃၀**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင် (အင်းစိန်)၏ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ခရိုင်လုံးကျွတ်ဖွင့်လှစ်ပြီးစီးခြင်းနှင့် စာအုပ်နှင့် ငွေပဒေသာပင်လှူဒါန်းပွဲအခမ်းအနားကို မတ် ၂၃ရက်က အင်းစိန် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြတ်မင်းနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးဝင်းလွင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ခရိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များ၊ခရိုင်အတွင်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးများ တက်ရောက်ကြသည်။

အဆိုပါအခမ်းအနား၌ စာအုပ်နှင့်ငွေပဒေသာပင်များ လှူဒါန်းရာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်း**(အပေါ်ပုံ)**နှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍နှစ်လုံးပေါက်မဂ္ဂဇင်းအလှူရှင်၁၁ဦးတို့နှင့်ဦးစံနီဝင်းမြင့်၊ဒေါက်တာဒေါ်ညွန့်ညွန့်သန်းမိသားစုက တန်ဖိုးငွေကျပ် ၁၂၃၆၅၀ရှိ စာအုပ်စာစောင်များ၊ ဦးပီတာရှိန်-ဒေါ်တင်တင်ယုတို့က စာအုပ်မျိုးစုံ ၆၀တို့ကို လှူဒါန်းကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိဦးမြတ်သင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။    (ခရိုင်ပြန်ဆက်)

## ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ ရက်သတ္တပတ်လှုပ်ရှားမှုဖွင့်ပွဲ ကျင်းပ

**ရန်ကုန် မတ် ၃၀**

၂၀၀၆ခုနှစ် ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ ရက်သတ္တပတ်လှုပ်ရှားမှု ဖွင့်ပွဲအခမ်းအနားကို မတ် ၂၄ရက်နံနက် ၉နာရီတွင် ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်မြို့ ဗိုလ်ချုပ်လမ်း၊ မူယာပင်ရပ်သီရိခေတ္တရာ ရတနာမြို့တော်ခန်းမ၌ ကျင်းပရာ ပဲခူးတိုင်း(အနောက်ပိုင်းတိုင်းခွဲ) တိုင်းကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်းတိုင်းခွဲ) အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးအုန်းမြင့်က အဖွင့်အမှာစကားပြောကြားသည်။

### သဝဏ်လွှာဖတ်ကြား

ထို့နောက် ပဲခူးတိုင်း(အနောက်ပိုင်းတိုင်းခွဲ) ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးငြိမ်းက ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး၏ သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက်"တီဘီရောဂါကင်းစင်ဖို့၊ အားလုံးပါဝင်ဆောင်ရွက်စို့" ဉာဏ်စမ်းပဟေဠိပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲတို့တွင် ဆုရရှိသူများအား အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးအုန်းမြင့်နှင့် ပဲခူးတိုင်း (အနောက်ပိုင်းတိုင်းခွဲ) ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာအေးငြိမ်းတို့က ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

(သတင်းစဉ်)



**မတ် ၂၉ရက်က မြောက်ဥက္ကလာပ အထက(၃)တွင် ၂၀၀၅-၂၀၀၆ခု ပညာသင်နှစ်အတွက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းဆင့် သင်ယူပြီးမြောက်ခြင်းလက်မှတ် အပ်နှင်းပွဲကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးကျော်မြင့်က ကျောင်းသား ကျောင်းသူများအား သင်ယူပြီးမြောက်ခြင်း လက်မှတ် ချီးမြှင့်ပေးအပ်စဉ်။**    (၆၇)

## ရေနံချောင်းစက်မှုဇုန်ထုတ် သုံးဘီးဆိုင်ကယ် ပဲခူးမြို့ ဥဿာယာဉ်ငယ်လိုင်း၌ ပြေးဆွဲနေ

**ပဲခူး    မတ်    ၂၉**

ပဲခူးတိုင်း သမဝါယမအသင်းစုချုပ်သည် ရေနံချောင်းစက်မှုဇုန်မှ ထုတ်လုပ်သောပြိုင်မြင်း သုံးဘီးဆိုင်ကယ်များဖြင့် ဥဿာမော်တော်ယာဉ်ငယ်လိုင်းများကို ဖွင့်လှစ်ပြေးဆွဲလျက်ရှိရာ ကျောင်းသား၊ ကျောင်းသူများ၊ ခရီးသွားပြည်သူများ သွားလာရေးအဆင်ပြေ ချောမောလျက်ရှိသည်။

ရွှေမော်ဓော-ပဲခူးဒီဂရီကောလိပ်လိုင်းကို ၂၀၀၅ခုနှစ် ဧပြီလမှစတင်၍ စမ်းသပ်ပြေးဆွဲခဲ့ရာ ယခုအခါသုံးဘီးဆိုင်ကယ် ၂၅စီးအထိ တိုးချဲ့၍ ပြေးဆွဲနေသည်။ စိန်သာလျောင်း-မဟာစေတီလိုင်းကို သုံးဘီးဆိုင်ကယ် ၁၄စီးဖြင့်လည်းကောင်း၊ ပဲခူး-သနပ်ပင်လိုင်းကို သုံးဘီးဆိုင်ကယ် ခြောက်စီး၊ ဒီဇယ်အင်ဂျင်သုံး သုံးဘီးဆိုင်ကယ်ခြောက်စီးဖြင့်လည်းကောင်း ပြေးဆွဲလျက်ရှိသည်။

ထို့အပြင် အင်းတကော်ကျေးရွာနှင့် ထုံးကြီးကျေးရွာ ခရီးစဉ်တွင် ဒီဇယ်အင်ဂျင်သုံး ရှစ်စီးဖြင့် ပြေးဆွဲနေပြီး ညောင်လေးပင်-မဒေါက်လိုင်းတွင် ဒီဇယ်အင်ဂျင်သုံး ခြောက်စီးဖြင့်ပြေးဆွဲလျက်ရှိသည်။ ဘုရားကြီးကျေးရွာနှင့် ဘောနတ်ကြီး ကျေးရွာလိုင်းတွင် ဒီဇယ်အင်ဂျင်သုံး သုံးဘီးလေးစီး စမ်းသပ်ပြေးဆွဲလျက်ရှိပြီး ပဲခူးတိုင်း အနောက်ခြမ်း၊ လက်ပံတန်း-ရေငံနှင့် လက်ပံတန်း-မြေစီးလိုင်းတွင်လည်း သုံးဘီးဆိုင်ကယ်နှစ်စီးစီ ပြေးဆွဲနေပြီဖြစ်သည်။ ဒိုက်ဦးနှင့် ကုက္ကိုင်း၊ ဒိုက်ဦးနှင့် ဖအောင်ဝဲ ခရီးစဉ်အတွက် ပြေးဆွဲနိုင်ရန် စီစဉ်နေကြောင်း သိရသည်။    (၄၀၃)

### ❍ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်မှ

လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသူရတင်လှနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးနေလင်းတို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းမှူးသည် တောင်ကြီးမြို့၊ ကန်အောက်ရပ်ကွက်၊ ခွာညိုလမ်း၊ ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ရာ အစီအစဉ်အရ ကန်အောက်ရပ်ကွက်၊ ခွာညိုလမ်းကတ္တရာလမ်းသစ်ဖွင့်ပွဲသို့ တက်ရောက်အားပေး၍ လမ်းသစ်တစ်လျှောက် လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ တိုင်းမှူးသည် တောင်ကြီးမြို့နယ်၊ ရေပူကျေးရွာ ရေပူ–ရေအေး–သိမ်အင်–မြောင်းဦး–ကျောက်စု မြေသားလမ်းဖွင့်ပွဲ အခမ်းအနားကို တက်ရောက်အားပေး၍ တက်ရောက်လာကြသူများနှင့်အတူ မြေသားလမ်းတစ်လျှောက် လှည့်လည်ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ကလောတပ်နယ် စိုက်ပျိုးမွေးမြူရေးခြံ၌ ကျင်းပသည့် ကလောတပ်နယ် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲသို့ တက်ရောက် အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းမှူးသည် စက်မှုလယ်ယာဦးစီးဌာနမှ ခြံစည်းရိုးကြက်ဆူစေ့၊ ကြက်ဆူထုတ်လုပ်မှုနှင့် ကြက်ဆူဆီအား စက်ယန္တရားများတွင်အသုံးပြု၍ လက်တွေ့မောင်းနှင်ခြင်း၊ ရေတင်ခြင်းများ သရုပ်ပြဆောင်ရွက်မှုကို လှည့်လည်ကြည့်ရှုအားပေးကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မွန်းလွဲပိုင်းတွင် တိုင်းမှူးသည် တောင်ကြီးမြို့နယ် ကျောက်နီကျေးရွာအုပ်စုရှိ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကျောက်နီဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းပျိုးဥယျာဉ်၌ ခြံစည်းရိုးကြက်ဆူပင် ပျိုးထောင်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားညွှန်ကြားဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

### ➪ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်မှ

ထိုမှတစ်ဆင့်တိုင်းမှူးသည် လားရှိုးမြို့လေယာဉ်ကွင်းလမ်း နယ်မြေခံတပ်ရင်းအနီး၌ကျင်းပသည့် လားရှိုးမြို့ စည်ပင်သာယာရေးအဖွဲ့၏ ပန်းအလှပင် စုပေါင်းစိုက်ပျိုးပွဲကို တက်ရောက်၍ စက္ကူပန်းအလှပင်များကို တက်ရောက်လာကြသူများနှင့်အတူ ပါဝင်စိုက်ပျိုးပေးသည်။

ယင်းနောက် တိုင်းမှူးသည် လားရှိုးမြို့ ဟူးမွန်ဒေသ ဆင်းရွှေလီ အထူးအထွက်တိုး စပ်မျိုးနွေစပါးစံပြ ၇၀၅ ဧကစိုက်ခင်း ဖြစ်ထွန်းအောင်မြင်နေမှုကိုလည်းကောင်း၊ ကောက်ကွေ့ချောင်း ရေလှောင်တမံ တည်ဆောက်ရေး လုပ်ငန်းခွင်သို့လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

## တံ့တေးဆရာတော်၏တရားပွဲများ

**ရန်ကုန် မတ် ၁၀**

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)၊(၅၁)ရပ်ကွက် မြဝတီမင်းကြီး(၁)လမ်း သိရိမင်္ဂလာမဟာစည်ရိပ်သာကျောင်းတိုက် ဆရာတော် တံ့တေးအရှင်ဣန္ဒက(ဓမ္မကထိက ဗဟုဇနဟိတဓရ) သည် ဧပြီ ၂ရက်တွင်(၂၃)ကြိမ်မြောက် စံပြဖဆပလရပ်ကွက်၊ ဧပြီ ၃ ရက်တွင် သုံးခွမြို့၊ ဧပြီ ၄ရက်တွင် (၁၀၄) ရပ်ကွက် တောင်ဒဂုံ၊ ဧပြီ ၅ရက်တွင် (၃၂)ကြိမ်မြောက် မလွန်ဆန်လှူအသင်းတရားပွဲ၊ ဧပြီ ၆ရက်တွင် (ဃ)ရပ်ကွက် မြောက်ဥက္ကလာပ၊ ဧပြီ ၇ရက်တွင် ဒေါပုံ၊ ဧပြီ ၈ရက် မလွန်ဆန်လှူအသင်း ပုဇွန်တောင်မြို့နယ်၊ ဧပြီ ၉ရက်တွင်သိရိမင်္ဂလာမဟာစည်ရိပ်သာ၊ ဧပြီ၁၀ရက် မရမ်းချို ပုသိမ်မြို့၊ ဧပြီ ၁၁ရက် ရှင်ဥပဂုတ္တပူဇော်ပွဲ၊ (၂၃)ရပ်ကွက် တောင်ဒဂုံ၊ ဧပြီ ၁၃ရက်မှ ၁၅ရက်အထိ သိရိမင်္ဂလာရိပ်သာ သင်္ကြန်အထူးတရားစခန်းပွဲ၊ ဧပြီ ၁၆ရက် ခရမ်းမြို့၊ ဧပြီ၁၇ရက်တွင်ဓမ္မရက္ခိတဖြူးမဟာစည်ရိပ်သာလှိုင်မြို့နယ်၊ ဧပြီ ၂၀ရက် မဇ္ဈိမပဋိပဒါရိပ်သာ သုံးခွမြို့ ဓမ္မသဘင်တို့၌ ညစဉ် ၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားမည်ဖြစ်သည်။ (က–ပ)

# မြန်မာနိုင်ငံအလယ်ပိုင်းဒေသအချို့တွင် ဖြစ်ပွားခဲ့သော ကြက်နှင့်ငုံးများ သေဆုံးမှုနှင့်ပတ်သက်၍ ရောဂါထိန်းချုပ်ရေး လုပ်ငန်းများ အထူးကြပ်မတ် ဆောင်ရွက်လျက်ရှိ

ရန်ကုန် မတ် ၁၀

**မြန်မာနိုင်ငံအလယ်ပိုင်း ဒေသအချို့တွင်ကြက်နှင့်ငုံးများသေဆုံးမှုနှင့်ပတ်သက်၍ ရောဂါထိန်းချုပ်မှု လုပ်ငန်းများကို မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများနှင့် တာဝန်ရှိသူများက အထူးကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။**

မန္တလေးတိုင်း စဉ့်ကိုင်မြို့နယ် ပလိပ်ချည်မျှင်နှင့် အထည်အချောကိုင်စက်ရုံဝင်းအတွင်းရှိ ဝန်ထမ်းဦးအောင်မြင့်၏ ငုံးခြံမှ နမူနာငုံးအရှင် သုံးကောင်ကို မန္တလေးတိုင်း ဒေသဆိုင်ရာ ရောဂါရှာဖွေရေးဓာတ်ခွဲခန်းသို့ပေးပို့စစ်ဆေးခဲ့ရာ အဆိုပါငုံးများတွင် ကြက်ငှက်တုပ်ကွေးဗိုင်းရပ်(စ်)အမျိုးအစားပိုးတွေ့ရှိခဲ့သဖြင့် တာဝန်ရှိသူများသည် မတ်၂၉ရက် နံနက်ပိုင်းမှစ၍ အဆိုပါစက်ရုံဝင်းအတွင်းရှိ ကြက်ခြံခြောက်ခြံ မှ ကြက်၃၄၄၅ကောင်၊ ငုံးခြံကိုးခြံမှ ငုံးကောင်ရေ ၇၉၅၀တို့ကို စက်ရုံနှင့်သုံးဖာလုံအကွာ၌ မြောင်းတူးမြှုပ်နှံခဲ့ပြီး ရောဂါထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်းသိရှိရသည်။

မတ် ၂၉ရက်နံနက်ပိုင်းတွင် သတင်းပေးပို့ချက်အရ တာဝန်ရှိသူများသည် မုံရွာမြို့နယ် လယ်တီရပ်ကွက် အင်းရွာသစ်မြောက်ပိုင်း၊ နယ်မြေ (၂)နေ ခြံပိုင်ရှင်ဒေါ်သန်းငွေ၏ ငုံးခြံသို့သွားရောက်စစ်ဆေးရာ ငုံးအသေ ၁၀၂ကောင်ကိုတွေ့ရှိရ၍ ၉၇ကောင်ကို မြေမြှုပ်ဖျက်ဆီးပြီး ကျန်ငါးကောင်ကို မန္တလေးရောဂါရှာဖွေရေးဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးခဲ့ရာ Influenza+Ve ဖြစ်ကြောင်းတွေ့ရှိရသဖြင့် အဆိုပါငုံးခြံမှ ကျန်ရှိသော ငုံးကောင်ရေ ၇၂၀နှင့် ငုံးဥ ၃၄၀တို့ကို ဖျက်ဆီး၍ မြောင်းတူးမြေမြှုပ်ခဲ့သည်။

ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် အလယ်ပိုင်းရပ်ကွက်ရှိ သာသနာ့ဗိမာန်ခေါင်မိုး၌ ခိုအကောင် ၂၀ခန့် သေဆုံးခဲ့ပြီး သေဆုံးခြင်းမရှိဘဲကျန်ရှိနေသော ခိုအရှင်နှစ်ကောင်နှင့် ခိုဥငါးလုံးတို့ကို ရန်ကုန်ဗဟိုရောဂါရှာဖွေရေး ဓာတ်ခွဲခန်း၌ မတ် ၂၇ ရက်က ချက်ချင်းအဖြေရ စမ်းသပ်ပစ္စည်း(Rapid Test Kid)ဖြင့်လည်းကောင်း၊ ရောဂါရှာဖွေခြင်းအဆင့်နှစ်ဆင့် (Type A,H5)ဖြင့်လည်းကောင်း တစ်ပြိုင်တည်းစမ်းသပ်စစ်ဆေးရာ ကြက်ငှက်တုပ်ကွေးရောဂါ ဗိုင်းရပ်(စ်)ပိုး (H5 N1) ပိုး မတွေ့ရှိရကြောင်းသိရှိရသည်။

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်မြို့နယ်အောင်ဆန်းပြည်သာယာရပ်ကွက် လိပ်ပြာလမ်းနေ ဦးမြင့်၏ နေအိမ်၌ မွေးမြူထားသော ဘဲအုပ်မှဘဲ ၁၈ကောင်သေဆုံးနေကြောင်း သတင်းပေးပို့ချက်အရ မတ် ၂၀ရက်တွင် တာဝန်ရှိသူများက မသေဘဲကျန်ရှိသောဘဲအုပ်ထဲမှ ဘဲနှစ်ကောင်ကို ချက်ချင်းအဖြေရစမ်းသပ်ပစ္စည်းဖြင့်စစ်ဆေးခဲ့ရာ ကြက်ငှက်တုပ်ကွေးရောဂါဗိုင်းရပ်(စ်)ပိုး မတွေ့ရှိရဘဲ ဘဲများတွင်ဖြစ်တတ်သော သွေးမန်းတက်ရောဂါ (Coliseptcaemia) ကြောင့် သေဆုံးခြင်းဖြစ်ကြောင်းတွေ့ရှိရသည်။

ထို့အပြင်ကသာခရိုင် ကောလင်းမြို့၌ မတ် ၂၇ရက်တွင် တာဝန်ရှိသူများသည် မြို့နယ်အတွင်းရှိ ကြက်ခြံ ၄၃ခြံကိုလည်းကောင်း၊ မတ် ၂၈ ရက်တွင် အထက်မြန်မာပြည်ဓာတ်ခွဲခန်းမှ သုတေသနအရာရှိ ဦးစီးပူးပေါင်းအဖွဲ့သည် ကောလင်းမြို့ရှိ ကြက်ခြံများကိုလည်းကောင်း သွားရောက်၍ ကြက်အသေအပျောက် ရှိ/မရှိ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ရာ ကြက်အသေအပျောက်မရှိကြောင်း၊ မည်သည့်ရောဂါလက္ခဏာမျှမတွေ့ရှိရပါကြောင်းနှင့် နမူနာကြက်အချို့ကို ချက်ချင်းအဖြေရစမ်းသပ်နည်းဖြင့်စစ်ဆေးခဲ့ရာ ကြက်ငှက်တုပ်ကွေးရောဂါဗိုင်းရပ်(စ်)ပိုး မတွေ့ရှိကြောင်း သိရှိရသည်။

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသအချို့တွင် ကြက်ငှက်ရောဂါ ထိန်းချုပ်တားမြစ်ဇရိယာအတွင်း မွေးမြူရေး ကြက်ခြံများကို မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနနှင့် ဒေသအာဏာပိုင်အဖွဲ့ အစည်းများက စောင့်ကြပ်ကြည့်ရှုစစ်ဆေးမှုများ ပြုလုပ်လျက်ရှိပြီး ရောဂါထိန်းချုပ်ရေးလုပ်ငန်းများကို ဆက်လက်၍ အထူးကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။ (သတင်းစဉ်)



**စပါးနှင့် သီးနှံများအခြောက်ခံရာတွင် အသုံးပြုသော ပြည်တွင်းဖြစ် စပါးလှောင်ကန်ဖြင့် အသုတ်လိုက် အခြောက်ခံစက် (Flat Bed Dryer) ကို တွေ့ရစဉ်။**

### ❋ စပါးနှင့်ပဲမျိုးစုံမှ

ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အခြားလယ်ယာသုံး စက်ကိရိယာများကဲ့သို့ သီးနှံအခြောက်ခံစက်များကိုလည်းတိုးတက်သုံးစွဲနိုင်ရန်ကြိုးပမ်းလာကြပြီဖြစ်ပေသည်။

မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်းမှ ကြီးမှူးကျင်းပသော စပါးနှင့်သီးနှံများအခြောက်ခံခြင်းနှင့်အရည်အသွေးထိန်းသိမ်းခြင်းဆိုင်ရာ နည်းပညာဟောပြောပွဲနှင့် သရုပ်ပြရှင်းလင်းပွဲကို ဧပြီ ၁ ရက် (စနေနေ့) နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် စက်မှုဇုန်(၁) ဦးရွှေဘင်လမ်း၊အမှတ်(၁၄၂/၁၄၃) ရှိ သောင်းဝင်းစက်မှုလက်မှုစက်ရုံခန်းမ၌ ကျင်းပမည်ဟုသိရ၍ ကြေးမုံသတင်းအဖွဲ့သည် ဦးဝင်းအေးဖေ(အတွင်းရေးမှူး မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း)၊ ဒေါက်တာမျိုးအောင်ကျော် (အတွင်းရေးမှူး၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း) နှင့် ဦးသောင်းဝင်း (သောင်းဝင်း စက်မှုလက်မှုခေတ်မီဆန်စက်နှင့်လယ်ယာသုံးပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်း) တို့နှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

စပါးနှင့်ပဲမျိုးစုံသီးနှံများ ရိတ်သိမ်းခြင်းနှင့် ကြိတ်ခွဲခြင်းများပြုလုပ်ချိန်တွင် လေလွင့်ဆုံးရှုံးမှု ဖြစ်ပေါ်လေ့ရှိရာ နည်းစနစ်တကျ ဆောင်ရွက်ခြင်းဖြင့် လေလွင့်ဆုံးရှုံးမှု နည်းနိုင်သမျှ နည်းစေနိုင်သည့် အကျိုးကျေးဇူးများရရှိနိုင်ကြောင်း ပညာရှင်တစ်ဦးဖြစ်သူ ဒေါက်တာမျိုးအောင်ကျော်က ရှင်းလင်းပြောကြားသည်။

၎င်းကဆက်လက်၍ရိတ်သိမ်းချိန်လွန်နည်းပညာများ စနစ်တကျ လိုက်နာဆောင်ရွက်ခြင်းမရှိသောကြောင့် စိုက်ပျိုးရရှိပြီးစပါးများ လေလွင့်ဆုံးရှုံးရခြင်းဖြစ်ကြောင်း၊ ရိတ်သိမ်းချိန်လွန်နည်းပညာတွင် စပါးနှင့်သီးနှံများ မှန်ကန်သောအချိန်တွင် ရိတ်သိမ်းခြင်း၊ ခြွေလှေ့စက်များကို စနစ်တကျ ကိုင်တွယ်အသုံးပြုခြင်း၊ ခြွေလှေ့ပြီး စပါးများကို အချိန်တိုအတွင်း မှန်ကန်သော အခြောက်ခံမှုပြုခြင်း၊စနစ်ကျသောသိုလှောင်မှုပြုလုပ်ခြင်းနှင့် ခေတ်မီတိုးတက် သောကြိတ်ခွဲမှုနည်းစနစ်များဖြင့် ကြိတ်ဖွပ်ပြီး စားသုံးသူလက်ဝယ်သို့ လေလွင့်ဆုံးရှုံးမှု အနည်းဆုံးဖြင့် ရောက်ရှိသွားအောင် ဆောင်ရွက်ခြင်းတို့ပါဝင်ကြောင်း။

လက်တွေ့တွင် အချို့တောင်သူလယ်သမားများသည် နောက်ထပ်သီးနှံစိုက်ပျိုးရန်ရည်ရွယ်၍ရိတ်သိမ်းပြီး စပါးများကို ကန်သင်းရိုးပေါ်တွင် တင်ထားခြင်းကြောင့် မညီမျှသော အစိုဓာတ်များဖြစ်ပေါ်လာပြီး သီးနှံအရည်အသွေးကျစေကြောင်း၊ နေဖြင့်အခြောက်ခံရာတွင် လည်း နေပူခြင်းဖြင့်အခြောက်ခံမိပါက ဆန်ကြိတ်ခွဲရာတွင် အဆစ်အကျိုးများ ဖြစ်ပေါ်လာခြင်းတို့ကို တွေ့ရှိရကြောင်း၊ ဤဆုံးရှုံးမှုကိုကာကွယ်ရန်တောင်သူဦးကြီးများသည် စပါးနှင့် အခြားသီးနှံများကို မှန်ကန်တိကျသော စပါးသီးနှံ အစိုအခြောက်တိုင်းကိရိယာဖြင့် တိုင်းတာ၍ စနစ်ကျနသော အခြောက်ခံစက်ဖြင့် အခြောက်ခံမှုပြုလုပ်ကာ ဆန်ကြိတ်ဖွပ်ပါက အထွက်နှုန်းမြင့်တက်လာပြီး အရည်အသွေးလည်း ကောင်းမွန်လာမှာဖြစ်ကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးဝင်းအေးဖေက ဆက်လက်ရှင်းလင်းပြောကြားရာတွင်လက်မှုလယ်ယာမှစက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးအတွက်ယခုဟောပြောပွဲနှင့် သရုပ်ပြပွဲတွင်ပြသမည့် စက်ကိရိယာများမှာ ပြည်တွင်း၌ ထုတ်လုပ်သော ပြည်တွင်းဖြစ်များသာဖြစ်ကြောင်း၊ ပြည်ပ သွင်းကုန်စက်ကိရိယာများနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းများစွာသက်သာကြောင်း၊ တောင်သူလယ်သမားကြီးများ၊ ဆန်စက်လုပ်ငန်းရှင်များ၊ ဆန်စပါးကုန်သည်များအနေဖြင့် လာရောက်၍ လေ့လာနိုင်ကြောင်း၊ နည်းပညာပိုင်းဆိုင်ရာများကိုလည်း ကျွမ်းကျင်သူ နည်းပညာရှင်များက ရှင်းလင်းပြောကြားပေးမည်ဖြစ်ကြောင်း၊ တောင်သူဦးကြီးများနှင့် အကူအညီတောင်းခံသူများကို လေလွင့်ဆုံးရှုံးမှု လျော့ပါးစေရေး နည်းပညာများကိုလည်း ကူညီပံ့ပိုးပေးသွားမှာဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် စက်မှုပညာရှင်တစ်ဦးဖြစ်သူ ဦးသောင်းဝင်း (သောင်းဝင်းစက်မှုလက်မှု) က သီးနှံအခြောက်ခံစက်နှင့်စပ်လျဉ်း၍ပြောကြားရာ၌ မြန်မာနိုင်ငံတွင် စပါးလှောင်ကန်ဖြင့် အသုတ်လိုက် အခြောက်ခံစက် (Flat Bed Dryer) မျိုးကို သုံးသင့်ကြောင်း၊ တည်ဆောက်မှုလွယ်ကူပြီး မိမိတို့ကိုယ်တိုင် တည်ဆောက်နိုင်ကြောင်း၊ဆင့်စီ၊ဝါးထရံ (သို့မဟုတ်) ဆန်ခါ ပေါက်ခင်းပြီး အပေါ်တွင် သီးနှံတစ်ပေထုခန့်ထားကာ အောက်မှ လေပူမှုတ်သွင်းပေးခြင်းသာဖြစ်ကြောင်း၊ အခြောက်ခံချိန် ၃ နာရီမှ ၆ နာရီအတွင်း ကြာမြင့်နိုင်ကြောင်း၊ သီးနှံများ ပိုမိုစိုက်ပျိုးထုတ်လုပ်လာသည်နှင့်အမျှ သီးနှံအခြောက်ခံစက်များ ထုတ်လုပ်သုံးစွဲရန် ပိုမိုလိုအပ်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အဓိကအားထားရသည့် နိုင်ငံဖြစ်သည်နှင့်အညီ အမျိုးသားစီးပွားရေး ခိုင်မာတောင့်တင်းစေရန်အတွက် လယ်ယာကဏ္ဍကို အခြေပြုပြီး ကြိုးပမ်းလျက်ရှိသည်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် တောင်သူလယ်သမားကြီးများအပါအဝင် ကျေးလက်ဒေသနေ ပြည်သူများ၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက်ပါ ဖန်တီးဖော်ဆောင်ပေးနိုင်သည့် စီးပွားရေးကဏ္ဍကြီးဖြစ်ပေသည်။

ထို့ကြောင့် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ စီးပွားရေးဘဝ ခိုင်မာအောင် ဖော်ဆောင်ရာတွင် စိုက်ပျိုးရေးကို အခြေခံပြီး အခြားစီးပွားရေးလုပ်ငန်းများကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းသည် လက်တွေ့ကျသော လုပ်ငန်းဖြစ်ပေသည်။

စိုက်ပျိုးရေးထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရန်အတွက် မြေယာသစ်များ တိုးချဲ့စိုက်ပျိုးရေး၊ တစ်ဧကအထွက်နှုန်းတိုးတက်လာစေရေး၊ သီးနှံစိုက်စွမ်းအား တိုးတက်လာစေရေး၊ စိုက်စရိတ်ကျဆင်းရေးနှင့် လေလွင့်ဆုံးရှုံးမှု နည်းပါးစေရေးတို့ လိုအပ်ပေသည်။

ယခုအခါ နိုင်ငံတစ်ဝန်းတွင် သွင်းကုန်အစားထိုးစက်ရုံ၊ အလုပ်ရုံအသစ်များ၊ တိုးချဲ့ တည်ဆောက်လျက်ရှိသည်နှင့်အညီ စက်မှုဇုန်များတွင်လည်း ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ အဆင့်မြင့်နည်းပညာများ အသုံးပြုလာရန် အားပေးလျက်ရှိသည်။ စပါးနှင့်သီးနှံများအခြောက်ခံခြင်းနှင့် အရည်အသွေးထိန်းသိမ်း ခြင်းဆိုင်ရာ ဟောပြောပွဲနှင့် သရုပ်ပြရှင်းလင်းပွဲသည် လယ်ယာကဏ္ဍကို လက်မှုလယ်ယာကဏ္ဍမှ စက်မှုလယ်ယာကဏ္ဍသို့ ကူးပြောင်းနိုင်ရေးတွင် တစ်ဖက်တစ်လမ်းမှ အားပေးမှုတစ်ရပ်ဖြစ်ပေရာ တောင်သူလယ်သမားကြီးများ၊ ဆန်စက်လုပ်ငန်းရှင်များ၊ ဆန်စပါးကုန်သည်များတို့ သွားရောက်လေ့လာခြင်းဖြင့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဟုယူဆပါကြောင်း ရေးသားတင်ပြပါသည်။

(ကြေးမုံ)

**✳ ကျိုင်းတုံမြို့နယ်မှ**

တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ယန်းလောစံပြကျေးရွာအဝင် ကတ္တရာလမ်းသစ်နှင့် ယန်းလော–ကတ်ထိုက်ကျေးရွာ ကျောက်ချောလမ်းဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

**ဖြတ်သန်းကြည့်ရှု**

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် ဇနီး၊ အခမ်းအနားသို့ တက်ရောက်လာကြသူများက ယန်းလောစံပြကျေးရွာအဝင် ကတ္တရာလမ်းသစ် တစ်လျှောက် ဖြတ်သန်းကြည့်ရှုကြသည်။

အဆိုပါ ယန်းလောစံပြကျေးရွာအဝင် ကတ္တရာလမ်းသစ်မှာ အရှည်ပေ ၃၆၀၀၊ အကျယ် ၁၂ ပေရှိပြီး ကတ္တရာလမ်းခင်းရန်အတွက် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)မှ ကတ္တရာ ၁၆ ဒသမ ၂၅ တန်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရန်ပုံငွေကျပ် သိန်း ၅၀၊ နယ်မြေခံ ဆောက်လုပ်ရေး အင်ဂျင်နီယာတပ်ခွဲမှ လုပ်အား၊ နည်းပညာ၊ စက်ယန္တရားတို့နှင့် ဒေသခံပြည်သူတို့ဖြင့် ပူးပေါင်းပါဝင်ကာ စုစုပေါင်း ငွေကျပ် ၁၂၃ သိန်းကျော် အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

**ကျောက်ချောလမ်းသစ်ဖွင့်**

ထို့နောက် ယန်းလော–ကတ်ထိုက်ကျေးရွာချင်းဆက် ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို အဆိုပါ ယန်းလော–ကတ်ထိုက် ကျေးရွာလမ်းဆုံ၌ ဆက်လက်ကျင်းပသည်။

အစီအစဉ်အရ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)အဖွဲ့ဝင် တွဲဖက်ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးမြအောင်နှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ဒေသကြီးကြပ်ရေးမှူး ဦးတင်မောင်အေးတို့က ယန်းလော–ကတ်ထိုက် ကျေးရွာချင်းဆက် ကျောက်ချောလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် တက်ရောက်လာကြသူများသည် ယန်းလော–ကတ်ထိုက် ကျေးရွာချင်းဆက် ကျောက်ချောလမ်းသစ်တစ်လျှောက် ဖြတ်သန်းကြည့်ရှု၍ ဒေသခံတိုင်းရင်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

**ကြိုဆိုနှုတ်ဆက်**

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အရှည် ၅ မိုင် ၆ ဖာလုံရှိ ယန်းလော–ကတ်ထိုက် ကျေးရွာချင်းဆက် ကျောက်ချောလမ်းသစ်တစ်လျှောက် မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးရာ လမ်းကြောင်းတစ်လျှောက်တွင် ယန်းလော၊ နောင်ရှုံ၊ ကတ်ထိုက် ကျေးရွာများရှိ ဒေသခံတိုင်းရင်းသားများက ရိုးရာယဉ်ကျေးမှု အတီး အမှုတ်၊ အကအခုန်များဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကတ်ထိုက်စံပြကျေးရွာသို့ ရောက်ရှိကြပြီး ကတ်ထိုက် ကျေးရွာအုပ်စုအတွင်းရှိ ဒေသခံတိုင်းရင်းသားများအတွက် ဆေးဝါးပစ္စည်းများနှင့် မဂ္ဂဇင်းစာအုပ် များကို ထောက်ပံ့ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက အသီးသီးလက်ခံရယူကြသည်။

**ပူးပေါင်းပါဝင်**

အဆိုပါ ယန်းလော–ကတ်ထိုက်ကျေးရွာ ကျောက်ချောလမ်းသစ်မှာ အရှည် ၅ မိုင် ၆ ဖာလုံရှိပြီး ယခင်မြေသားလမ်းကို ကျောက်ချောလမ်းခင်းရန်အတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ ခွင့်ပြုရန်ပုံငွေကျပ် ၁၇၅ ဒသမ ၅ သိန်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ လုပ်အား၊ နည်းပညာ၊ စက်ယန္တရားတို့နှင့် ဒေသခံပြည်သူတို့ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

ထို့နောက် တိုင်းမှူးသည် ယန်းလော–ကတ်ထိုက်ကျေးရွာ ကားလမ်းကြောင်းတစ်လျှောက် လမ်းဘေးဝဲ၊ယာတို့၌ စိုက်ပျိုးထားရှိသည့် နွေစပါးစိုက်ခင်းများ၏ အောင်မြင်ဖြစ်ထွန်းမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။ (သတင်းစဉ်)

**● ငါးမန်းမှ**

ငါးမန်းသတ္တဝါသည် သင်္ဘောများ ခုတ်မောင်းသွားလာနေသော ရေယက်ကြောင်းအတိုင်း လိုက်ပါတတ်သည့် သဘာဝရှိကြောင်း၊ ထောက်လှမ်းရေး ငါးမန်းကို အဝေးထိန်းစနစ်ဖြင့် ထိန်းချုပ်ကာ ရန်သူရေယာဉ်၏ သွားလာလှုပ်ရှားမှုများကို ရန်သူမသိစေဘဲ စုံစမ်းလေ့လာနိုင်မည်ဖြစ်ကြောင်း ကာကွယ်ရေးနည်းပညာ သုတေသီတစ်ဦးဖြစ်သူ ပေါ်လာဂိုမက်စ်က ပြောကြားသည်။

**လိုက်ပါလေ့ရှိ**

ငါးမန်းသတ္တဝါ၏ သဘာဝစွမ်းရည်တစ်မျိုးမှာ လျှပ်စစ်လှိုင်းများ၏ ပြောင်းလဲနှုန်းများကို အာရုံခံနိုင်စွမ်းရှိခြင်းပင်ဖြစ်သည်။ ငါးမန်းသည် ရေယာဉ်တစ်စင်း၏ ရေယက်ကြောင်းတွင် ကျန်ရစ်ခဲ့သော ဓာတုပစ္စည်းများ၏ အနံ့အသက်ကို အာရုံခံကာ ယင်းရေယာဉ်နောက်သို့ နောက်ယောင်ခံ လိုက်ပါလေ့ရှိသည်။

**သုတေသနပြုလုပ်**

ရေဒီယိုထုတ်လွှင့်ချက်အသံလှိုင်းများ ရေထုကိုထိုးဖောက်နိုင်ခြင်း မရှိသဖြင့် ထောက်လှမ်းရေးကိရိယာ တပ်ဆင်ထားသော ငါးမန်းသတ္တဝါနှင့် ဆက်သွယ်နိုင်စေရန် အသံလှိုင်းဖြင့်ရေအောက်ဝတ္တုတို့၏ တည်နေရာကို ရှာဖွေနိုင်သော ကိရိယာ(ဆိုနာ)ကို အသုံးပြု၍ ရန်သူရေယာဉ်၏ လှုပ်ရှားမှုများကို ဖော်ထုတ်နိုင်ရန် သိပ္ပံပညာရှင်များက သုတေသနပြုလုပ်လျက်ရှိသည်။ **အင်တာနက်**

# ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက္ကသိုလ်စာမေးပွဲများ ကျင်းပနေမှု လှည့်လည်စစ်ဆေး

ရန်ကုန် မတ် ၃၀

**ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် အဆင့်မြင့်ပညာ ဦးစီးဌာန (အောက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိန်ဝင်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် မတ် ၂၈ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်ပညာရေးတက္ကသိုလ်သို့ရောက်ရှိပြီး ပါမောက္ခချုပ် ဒေါက်တာခင်ဇော်နှင့်အတူ ကျောင်းသား၊ ကျောင်းသူများ၏ စာမေးပွဲဖြေဆိုနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။ ရန်ကုန် ပညာရေး တက္ကသိုလ်၌ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၁၀၁ ဦး စာမေးပွဲဖြေဆိုလျက်ရှိကြသည်။**

**မှာကြား**

ဝန်ကြီးနှင့်အဖွဲ့သည် ယမန်နေ့ နံနက် ၁၀နာရီတွင် ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်သို့ရောက်ရှိပြီး ပါမောက္ခချုပ် ဒေါက်တာ ဦးဝင်းနှင့်အတူ ကျောင်းသား၊ ကျောင်းသူများ၏ စာမေးပွဲဖြေဆိုနေမှုများကို လိုက်လံ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ကို ဖြည့်ဆည်းပေးသည်။ ရန်ကုန် အရှေ့ပိုင်း တက္ကသိုလ်၌ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၁၁၇၄ ဦး စာမေးပွဲ ဖြေဆိုလျက်ရှိကြသည်။



**ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်တွင် ကျောင်းသား၊ ကျောင်းသူများ စာမေးပွဲဖြေဆိုနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (ပညာရေး)

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ကုန်ထုတ်ဓာတုဗေဒဌာနမှ စားသောက်ကုန် ပစ္စည်းများ စမ်းသပ်ထုတ်လုပ်မှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ယမန်နေ့ မွန်းလွဲ ၂နာရီခွဲတွင် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်သို့ ရောက်ရှိပြီး ပါမောက္ခချုပ် ဦးစောကျော်မင်းနှင့်အတူ ကျောင်းသား၊ကျောင်းသူများ၏ စာမေးပွဲ ဖြေဆိုနေမှုများကို လိုက်လံ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည် များကို ဖြည့်ဆည်းပေးသည်။ ရန်ကုန် အနောက်ပိုင်းတက္ကသိုလ်၌ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၇၆၀၈ ဦး စာမေးပွဲဖြေဆိုလျက်ရှိကြသည်။

**အားပေးစကားပြောကြား**

အဆိုပါ တက္ကသိုလ်များသို့ လှည့်လည်စစ်ဆေးစဉ် ဝန်ကြီးက စာမေးပွဲကို စနစ်တကျ ဖြေဆိုကြရေးအတွက် စီမံဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်း၍လည်းကောင်း၊ သတ်မှတ် စာမေးပွဲ စည်းမျဉ်းစည်းကမ်းများနှင့် အညီ တိတိကျကျလိုက်နာဆောင်ရွက်ရန်လည်းကောင်း၊ ကျောင်း ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသပ်ရပ်စေရေးအတွက်လည်းကောင်း မှာကြားပြီး ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံ အားပေးစကားပြောကြားသည်။

မြန်မာတစ်နိုင်ငံလုံးရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် မတ် ၂၂ ရက်မှ ဧပြီ ၁ ရက်အထိ ကျင်းပလျက်ရှိသော ပုံမှန်နေ့သင်တန်းများအတွက် ဘွဲ့ကြိုဘွဲ့လွန်သင်တန်းများ၏ ပထမ ပညာသင်ကာလနှင့် ဒုတိယပညာ သင်ကာလစာမေးပွဲများကိုကျောင်းသား ကျောင်းသူစုစုပေါင်း ၁၆၁၆၁၁ ဦး စာမေးပွဲဖြေဆိုလျက်ရှိသည်။ (သတင်းစဉ်)

## ဓမ္မဒူတဆရာတော်ခုနစ်ပါး အထူးတရားပွဲ

**ရန်ကုန် မတ် ၃၀**

စမ်းချောင်းမြို့နယ် ရှင်စောပုရပ်ကွက်လုံးဆိုင်ရာ ပဏ္ဍိတလမ်း မိသားစုမှ ဦးဆောင်၍ ဓမ္မဒူတဆရာတော် ခုနစ်ပါး၏ တရားပွဲကို ဧပြီလအတွင်း ပြုလုပ်မည်ဖြစ်သည်။

ဧပြီ ၂ ရက်တွင် တောင်စွန်း ဓမ္မဒူတဆရာတော် အရှင်ဝိမလ၊ ဧပြီ ၃ ရက်တွင် မုဒုံဓမ္မဒူတဆရာတော် အရှင် ကောသလ္လ၊ ဧပြီ ၄ ရက်တွင် မုတ္တမဓမ္မဒူတဆရာတော် အရှင်သီလာစာရ၊ ဧပြီ ၅ ရက်တွင် တောင်စွန်း ဓမ္မဒူတ ဆရာတော် အရှင်ဝိဝေက၊ ဧပြီ ၆ ရက်တွင် တောင်စွန်းဓမ္မဒူတ ဆရာတော် အရှင်ဃောသိတ၊ ဧပြီ ၇ ရက်တွင် သိမ်ဇရပ်ဓမ္မဒူတ ဆရာတော် အရှင်ပညာဝရ၊ ဧပြီ ၈ ရက်တွင် ပဲခူး ဓမ္မဒူတဆရာတော် အရှင်ပညိဿရတို့က တရားတော်များဟောကြားမည်ဖြစ်သည်။

တရားပွဲကို ညစဉ် စမ်းချောင်း ပဏ္ဍိတလမ်း တရားမဏ္ဍပ်တွင် ပြုလုပ်မည်ဖြစ်ပြီး တရားနာပရိသတ်အတွက် ပုဇွန်တောင် ရွှေဘုန်းပွင့်စေတီမှလည်းကောင်း၊ ကမာရွတ်ဘူတာရုံလမ်းထိပ်မှလည်းကောင်း၊ သာကေတရပ်ရှင်ရုံရှေ့မှလည်းကောင်း ယာဉ်အကြိုအပို့ ပြုလုပ်ပေးမည်ဖြစ်သည်။ (က–ပ)

## သင်္ကြန်တွင်းတရားစခန်း

**ရန်ကုန် မတ် ၃၀**

မြောက်ဥက္ကလာပမြို့နယ် (င) ရပ်ကွက် သန္တာ (၁၇)လမ်း အောင်မင်္ဂလာ ဓမ္မရိပ်သာကျောင်းတွင် နာယကဆရာတော် ဘဒ္ဒန္တဥတ္တမနှင့် အောင်မင်္ဂလာအရှင်ပဏ္ဍိတ သာသနာပြု ဓမ္မကထိက ဓမ္မာစရိယတို့က ဧပြီ ၁၂ ရက်မှ ၁၇ ရက်အထိ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဟောကြားပြသမည်ဖြစ်၍ တရားစခန်းဝင်လိုသူများသည် ဧပြီ ၁၁ ရက် ညနေ ၆ နာရီ အရောက်လာကြရန်နှင့် စာရင်းပေးသွင်းလိုသူများသည် ဖုန်း–၆၉၀၄၄၅ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က–ပ)

# (၆၁)နှစ်မြောက် တပ်မတော်နေ့ပြပွဲ ပြခန်းများ ကျောင်းသား၊ ကျောင်းသူများ ကြည့်ရှုလေ့လာ

**ရန်ကုန် မတ် ၃၀**

၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ပြပွဲ ပြခန်းများကို ယနေ့ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော် စစ်သမိုင်းပြတိုက်၌ ပဉ္စမနေ့အဖြစ် ဆက်လက်ပြသထားရာ ရဟန်းရှင်လူပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ လာရောက်ကြည့်ရှု လေ့လာကြသည်။

**ကြည့်ရှုလေ့လာ**

ပြပွဲတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ပြခန်း၌ သက္ကရာဇ် ၁၁၂၀ ပြည့်နှစ်က အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ မဏိပူရကသည်းပြည်သို့ စစ်ချီတက်တော်မူရာ ဆင်ဦးကင်းတွင် ပင့်ဆောင်ကိုးကွယ်ခဲ့သော ရန်အောင်မြင် စစ်ဆောင် စစ်အောင် ရုပ်ပွားတော်နှစ်ဆူ ဒေသစာရီ ကြွချီတော်မူပြီး စံပယ်လျက်ရှိသည်ကို ပြည်သူတို့ ဖူးမြော်ကြသည့် ပန်းချီကား၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း တည်ရှိသော စစ်ကိုင်းတောင်၊ ဖိုလ်ဝင်းတောင်၊ အလောင်းတော်ကဿပ၊ ဗောဓိတစ်ထောင်၊ စစ်ကိုင်းကောင်းမှုတော် စသည့် ဘာသာရေးဆိုင်ရာ မှတ်တမ်းပုံများကို ပြသထားသည့်အပြင် လူသားမျိုးနွယ်အစ အနောက်မြောက်တိုင်းက ပြကွက်တွင် ပရိုင်းမိတ် ကျောက်ဖြစ်ရုပ်ကြွင်းများ တွေ့ရှိရသည့် ပုံတောင်ရွှံ့ကျောက်ခေတ်အဆက်ဆက် အသုံးပြုခဲ့သော ရှေးဟောင်းပစ္စည်းများ ပြကွက်၊ မင်းကွန်းမြေမှ ကြီး(၄)ကြီးပြကွက်တွင် မင်းဖြူမှန်မှန်ပြော ခေါင်းလောင်းတော်ကြီး၊ လွတ်လပ်ပြီ ဆိုကာမှုဖြင့် ပြကွက်၊ ချစ်၍ခေါ်သည် ပြကွက်၊ ရွှေရတုမှသည်ပြကွက်၊ ဖွံ့ဖြိုးဝေစည်မြန်မာပြည်ပြကွက်နှင့် ဇီဝဒီဇယ် ထုတ်ယူဖို့ ခြံစည်းရိုးကြက်ဆူ စိုက်ကြစို့ ပြကွက်များကို စုံစုံလင်လင် ဝေဝေဆာဆာ ပြသထားရာ ကျောင်းသား၊ ကျောင်းသူ ပြည်သူများ စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။

ထို့အပြင် တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများ ပြခန်း၌လည်း ကွန်ပျူတာဉာဏ်စမ်း ပြိုင်ပွဲကိုလည်း နေ့စဉ်မွန်းတည့် ၁၂ နာရီတွင် ကျင်းပပေးလျက်ရှိရာ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

အဆိုပါ ပြပွဲကို ဧပြီ ၄ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅နာရီအထိ ပြသလျက်ရှိရာ မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုလေ့လာနိုင်သည်။ (သတင်းစဉ်)

လွှာများ မြင်ကွင်းကျယ်ရှုခင်း၊ စာပေနိဒါန်း လက်ဆင့်ကမ်းပြကွက်တွင် မြန်မာ့သမိုင်းခေတ် အဆက်ဆက် ပိုင်းခြားမှု၊ မြန်မာ့မြန်မာ ကဗျာ၊ ရာဇကုမာရ ကျောက်စာနှင့် အညာတမာ လွှမ်းရမည်ပြကွက်၊ မြန်မာမှု မြန်မာပြုပြကွက်၊ တရားဖက်သည် ဓားထက်သည်ပြကွက်၊ ဘာမထီ မြန်မာပြည်သားပြကွက်၊ ထွန်းလင်းတဲ့ ကုန်းဘောင် ပြကွက်၊ ရာဇဝင် စာတင် ရိုင်းလေငဲ့ပြကွက်၊ သူ့ကျွန်မခံပြကွက်၊

**၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ပြပွဲ ပြခန်းများကို တပ်မတော်စစ်သမိုင်းပြတိုက်၌ ပဉ္စမနေ့အဖြစ် ဆက်လက်ပြသရာ လာရောက် ကြည့်ရှုသူများကို တွေ့ရစဉ်။** (သတင်းစဉ်)



# မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

## ၃၁–၃–၂၀၀၆ (သောကြာနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်** |
| ၇:၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇:၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇:၄၀ | ၄။ | သံသာချိုအေးမင်္ဂလာတေး |
| ၇:၅၀ | ၅။ | လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင် |
| ၈:၀၀ | ၆။ | အကပြိုင်ပွဲ |
| ၈:၁၀ | ၇။ | ကြေးမုံရိပ်သွင်တေးနုယဉ် |
| ၈:၂၀ | ၈။ | မိုးယွန်းကြီးရေထိန်းတံခါး |
| ၈:၃၀ | ၉။ | International News. |
| ၈:၄၅ | ၁၀။ | English for Everyday Use |
| ၉:၀၀ | ၁၁။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | စစ်ချီတေး၊စစ်သည်တေး |
| ၄:၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၄:၃၀ | ၃။ | Demonstration Exercises for Correct Pronunciation. |
| ၄:၄၅ | ၄။ | တေးဂီတအစီအစဉ် |
| ၅:၀၀ | ၅။ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ –တတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ) |
| ၅:၁၅ | ၆။ | ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ |
| ၅:၂၅ | ၇။ | **“ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ” (လွင်မိုး၊မင်းမော်ကွန်း၊ဇာနည်၊ ကင်းကောင်၊စိုးမြတ်နန္ဒာ၊ လှအဥ္စလီတင့်၊ကြည်လဲ့လဲ့ဦး၊ ဂွမ်းပုံ)** |
| ၅:၃၀ | ၈။ | မြန်မာစာ၊မြန်မာစကား |
| ၅:၄၀ | ၉။ | **“အဲဒီမှာစတွေ့တာပဲ” (မင်းအုပ်စိုး၊ငှက်ပျောကြော်၊ မြတ်ကေသီအောင်၊ နှင်းဝတ်ရည်သောင်း) (ဒါရိုက်တာ–မင်းအုပ်စိုး)** |
| ၅:၅၀ | ၁၀။ | နှောင်းခေတ်တေးပဒေသာ |
| ၆:၀၀ | ၁၁။ | ညနေခင်းသတင်း |
| ၆:၃၀ | ၁၂။ | မိုးလေဝသအခြေအနေ |
| ၆:၃၅ | ၁၃။ | သုတစုံလင် ရွှေဉာဏ်ရှင် |
| ၇:၁၀ | ၁၄။ | **နိုင်ငံခြားဇာတ်လမ်းတွဲ “ရောင်စဉ်မေတ္တာ” (အပိုင်း–၁၈)(ဇာတ်သိမ်းပိုင်း)** |
| ၈:၀၀ | ၁၅။ | ပြည်တွင်းသတင်း |
| | ၁၆။ | နိုင်ငံတကာသတင်းများ |
| | ၁၇။ | မိုးလေဝသအခြေအနေ |
| | ၁၈။ | လပတ်မိုးလေဝသနှင့်ဇလဗေဒ ခန့်မှန်းချက် |
| | ၁၉။ | **နိုင်ငံခြားဇာတ်လမ်းတွဲ “နှင်းဆီအိပ်မက်” (အပိုင်း–၂၀)** |
| | ၂၀။ | နောက်တစ်နေ့အစီအစဉ် |
| | ၂၁။ | အစီအစဉ်ပြီး၏။ |

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

# မြန်မာနိုင်ငံအလယ်ပိုင်းတွင် ကြက်များသေဆုံးမှုနှင့်ပတ်သက်၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ အရေးယူဆောင်ရွက်မှု သတင်းထုတ်ပြန်ချက်

၁။ **ကြက်များသေဆုံးမှုသတင်း။** မြန်မာနိုင်ငံအလယ်ပိုင်း စစ်ကိုင်းတိုင်း ရွှေဘိုခရိုင်၌ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှ ၂၆-၃-၂၀၀၆နေ့အထိနှင့် မန္တလေးတိုင်း၊ မန္တလေးခရိုင်တို့တွင် ၈-၃-၂၀၀၆နေ့မှ ၂၆-၃-၂၀၀၆နေ့အထိ ကြက်နှင့်ငုံးများသေဆုံးမှုနှင့်ပတ်သက်၍ ရောဂါကာကွယ်ထိန်းချုပ်မှု လုပ်ငန်းများကို အောက်ပါအတိုင်း အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်-

### (က) ကြက်သေဆုံး/ဖျက်ဆီးမှု

ကြက်များ စတင်သေဆုံးကာလမှ ၂၆-၃-၂၀၀၆ နေ့အထိ သေဆုံး/ဖျက်ဆီးကောင်ရေမှာ ရွှေဘိုခရိုင် (ရွှေဘို၊ ခင်ဦး၊ ကန့်ဘလူ၊ ရေဦး) တွင် ရောဂါထိန်းချုပ်မှုကန့်သတ်နယ်မြေအတွင်းရှိ ကြက်ခြံ ၉၃ ခြံ၊ မွေးမြူထားရှိသည့်ကြက် ၆၀၉၂၉ ကောင်အနက် ၆၇၃၁ ကောင်သေဆုံးပြီး ၂၄၈၃၆ ကောင်ကို ဖျက်ဆီးမြှုပ်နှံခဲ့ပါသည်။ မန္တလေးခရိုင် (ပြည်ကြီးတံခွန်၊ အမရပူရ၊ ချမ်းမြသာစည်၊ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ အောင်မြေသာစံ)တွင် ရောဂါထိန်းချုပ်မှုကန့်သတ်နယ်မြေအတွင်းရှိ ကြက်ခြံ ၉၉ ခြံ၌ မွေးမြူထားရှိသည့် ကြက် ၁၁၁၉၁၉ ကောင်အနက် ၂၀၆၀ ကောင်သေဆုံးပြီး ၉၆၁၅၉ ကောင် ဖျက်ဆီးမြှုပ်နှံခဲ့ပါသည်။ သို့ဖြစ်၍ ရွှေဘိုခရိုင်နှင့် မန္တလေးခရိုင်အတွင်း ကြက် ၈၇၉၁ ကောင်သေဆုံးပြီး ၁၂၀၉၉၅ ကောင်နှင့် ကြက်ဥ ၅၆၀ လုံးကို ဖျက်ဆီးမြှုပ်နှံခဲ့ပါသည်။

### (ခ) ငုံးသေဆုံး/ဖျက်ဆီးမှု

ရွှေဘိုခရိုင်အတွင်း ငုံးမွေးမြူရေးခြံ နှစ်ခြံရှိ ငုံး ၁၉၄၁ ကောင်နှင့် မန္တလေးခရိုင်၌ ငုံးမွေးမြူရေးခြံ ၄၄ ခြံမှ ငုံး ၁၁၅၆၅၀ ကောင်၊ ငုံးဥ ၅၀၅၁၅ လုံးကို သေဆုံး/ဖျက်ဆီးမြှုပ်နှံခဲ့ပါသည်။ သို့ဖြစ်၍ စုစုပေါင်း ငုံးကောင်ရေ ၁၁၇၅၉၁ နှင့် ငုံးဥ ၅၀၅၁၅ လုံး သေဆုံး/ဖျက်ဆီးမြှုပ်နှံခဲ့ပါသည်။

### (ဂ) ကြက်တုပ်ကွေးဗိုင်းရပ်(စ်)နှင့် ပဋိပစ္စည်းစစ်ဆေးတွေ့ရှိမှု

ကနဦးကြက်သေဆုံးမှုသတင်းရရှိသည့် ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှစတင်၍ ရွှေဘိုမြို့နယ်မှ အစပြုပြီး ကန့်ဘလူ၊ ခင်ဦး၊ ရေဦး၊ ပြည်ကြီးတံခွန်၊ အမရပူရ၊ ချမ်းမြသာစည်၊ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ အောင်မြေသာစံမြို့နယ်တို့ရှိ ရောဂါထိန်းချုပ်ရေးနယ်မြေအတွင်းရှိ မွေးမြူရေးခြံ ၄၇ ခြံ၌ ရောဂါရှာဖွေစစ်ဆေးမှုများ ပြုလုပ်ခဲ့ပါသည်။ ကြက်ရောဂါနမူနာ (သွေးရည်ကြည်၊ ကြက်အတွင်းအင်္ဂါများ၊ စအိုနှင့်လေပြွန်တို့မှနမူနာ) ၄၃၃ ခုရယူ၍ ချက်ချင်းအဖြေရ စမ်းသပ်စစ်ဆေးနည်း (Rapid Test)၊ သွေးစုကပ်စစ်ဆေးနည်း (HA)၊ သွေးစုကပ်ဟန့်တားမှုစစ်ဆေးနည်း (HI)နှင့် ပီစီအာရ် (PCR) စစ်ဆေးနည်းများအရ စစ်ဆေးမှုပြုလုပ်ခဲ့ရာ ကြက်ခြံ ၃၅ခြံ၏ နမူနာ ၂၆ခု၌ ကြက်ငှက်တုပ်ကွေးရောဂါ ဗိုင်းရပ်(စ်)ပိုး H5 N1 ကို စစ်ဆေးတွေ့ရှိခဲ့ပါသည်။

၂။ **ရောဂါထိန်းချုပ်မှုဆောင်ရွက်ခြင်း။** မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် သက်ဆိုင်ရာ ဒေသအာဏာပိုင်၏လမ်းညွှန်ခွင့်ပြုချက်ရယူပြီး ကျန်းမာရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ သက်ဆိုင်ရာခရိုင်၊ မြို့နယ်၊ ရပ်ကွက်အာဏာပိုင်များ၊ သက်ဆိုင်သည့် မွေးမြူသူများနှင့် ညှိနှိုင်းပူးပေါင်း၍လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ကြက်ငှက်တုပ်ကွေးကျွမ်းကျင်သူ အတိုင်ပင်ခံပညာရှင်များအား ဖိတ်ကြားပူးပေါင်းဆောင်ရွက် အကြံပြုချက်များရယူ၍လည်းကောင်း၊ ရောဂါအလျှင်အမြန်ထိန်းချုပ်နိုင်ရန်အတွက် ရောဂါကန့်သတ်နယ်မြေ၊ ထိန်းချုပ်နယ်မြေများ သတ်မှတ်၍ ဆောင်ရွက်လျက်ရှိပါသည်။ ရောဂါကန့်သတ်နယ်မြေအတွင်း မွေးမြူရေးခြံများကို ရောဂါစူးစမ်းရှာဖွေမှုအရ ကြက်ငှက်တုပ်ကွေးရောဂါပိုးတွေ့ရှိသောခြံမှ ၁ ကီလိုမီတာပတ်ပတ်လည်အတွင်း မွေးမြူထားသည့်ကြက်များကို ရောဂါကူးစက်ပျံ့နှံ့မှုမဖြစ်ပေါ်စေရန် ရောဂါအန္တရာယ် ကြိုတင်တားဆီးကာကွယ်ရေး (Risk Prevention) အတွက် ကြက်များကို ဖျက်ဆီးခြင်း ပြုလုပ်ခဲ့ပါသည်။ ကြက်ကောင်ရေ ၁၂၀၉၉၅ ကောင်၊ ငုံးကောင်ရေ ၁၁၂၄၁၄ ကောင်၊ ငုံးဥ ၅၀၅၁၅လုံး၊ ကြက်ဥ ၅၆၀ လုံးတို့ကို စနစ်တကျ ဖျက်ဆီးခြင်း၊ ပိုးသတ်မြေမြှုပ်ခြင်း၊ မွေးမြူရေးခြံများနှင့် အသုံးအဆောင်များကို ရောဂါပိုးသတ်ဆေးဖျန်းခြင်းပြုလုပ်ခဲ့ပါသည်။ ရောဂါပိုးတွေ့ရှိသောခြံမှ ၃ ကီလိုမီတာနှင့် ၇ ကီလိုမီတာကို ကန့်သတ်နယ်မြေနှင့် ထိန်းချုပ်နယ်မြေများအဖြစ် သတ်မှတ်၍ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများသယ်ဆောင်ရောင်းချခြင်းကို ထိရောက်စွာထိန်းချုပ်ထားပါသည်။ လူနှင့်အခြားတိရစ္ဆာန်များကိုလည်း ကူးစက်မှုမရှိကြောင်း တွေ့ရှိရပါသည်။ ကြက်သေဆုံးမှုလျော့ကျပြီး ရောဂါပျံ့နှံ့မှုထိန်းချုပ်နိုင်သည့်အဆင့်ကို ရောက်ရှိလာပြီဖြစ်ပါသည်။

၃။ **၂၆-၃-၂၀၀၆နေ့အထိ နောက်ဆုံးအခြေအနေ။** ရွှေဘို၊ ကန့်ဘလူ၌ ရောဂါထိန်းချုပ်နိုင်ပြီဖြစ်ပါသည်။ ကန့်ဘလူမြို့၊ ကာဘိုးကျေးရွာတွင် ရောဂါထိန်းချုပ်မှု ဆက်လက်ဆောင်ရွက်လျက်ရှိသည်မှအပ ကျန်ခင်ဦးမြို့နယ်တစ်ခုလုံး အနေဖြင့် ရောဂါထိန်းချုပ်နိုင်ပြီဖြစ်ပါသည်။ မန္တလေးခရိုင်ရှိ ရောဂါဖြစ်မြို့နယ်များမှာလည်း ရောဂါစတင်ထိန်းချုပ်လာနိုင်ပြီဖြစ်ပါသည်။

၄။ **အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။** ယခုအခါ ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO) ဒေသညှိနှိုင်းရေးမှူး Dr. K. Wantanee နှင့် အမေရိကန်နိုင်ငံ USAID မှ ဒေသညှိနှိုင်းရေးမှူး Dr. John Mac Arthur တို့သည် ၁၆-၃-၂၀၀၆နေ့မှ ၁၈-၃-၂၀၀၆နေ့အထိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ပူးပေါင်း၍ ရောဂါဖြစ်ပွားသော မန္တလေးခရိုင်နှင့် ရွှေဘိုခရိုင်အတွင်း ကွင်းဆင်းလေ့လာခြင်းနှင့် ရောဂါထိန်းချုပ်ရေးဆိုင်ရာ အရေးပေါ်လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) မြန်မာဌာနေကိုယ်စားလှယ်၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO) မြန်မာဌာနေကိုယ်စားလှယ်တို့အား လက်ခံတွေ့ဆုံ၍ ဆက်လက်ဆောင်ရွက်မည့် ကြက်ငှက်တုပ်ကွေးရောဂါထိန်းချုပ်ရေးအစီအစဉ်များ ဆွေးနွေးခဲ့ပါသည်။ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)မှ ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်တားဆီးရေး ပြည်သူလူထုပညာပေးပိုစတာများ ပေးအပ် ထောက်ပံ့ခဲ့ပါသည်။ ဩစတြေးလျနိုင်ငံ ဂျီလောင်းမြို့ ဒေသကိုးကားဓာတ်ခွဲခန်းမှ ကြက်ရောဂါစစ်ဆေးရေး ဓာတ်ခွဲခန်းသုံး ပစ္စည်းကိရိယာများ ပေးအပ်ထောက်ပံ့ခဲ့ပါသည်။ FAO, JICA နှင့် ဩစတြေးလျနိုင်ငံ ဂျီလောင်းမြို့ ဒေသကိုးကားဓာတ်ခွဲခန်းတို့မှ ပံ့ပိုးခဲ့သည့် အရေးပေါ်လုပ်ငန်းသုံးပစ္စည်းများ အမေရိကန်ဒေါ်လာ တစ်သိန်းတန်ဖိုးခန့် လက်ခံရရှိပြီးဖြစ်ပါသည်။ ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)၊ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးအေဂျင်စီ (JICA) နှင့် ထိုင်းနိုင်ငံ တိရစ္ဆာန်မွေးမြူထုတ်လုပ်မှု ဖွံ့ဖြိုးရေးဌာန (DLD)တို့မှ ကြက်တုပ်ကွေးရောဂါထိန်းချုပ်ရေးကျွမ်းကျင် ပညာရှင်သုံးဦးတို့သည် (FAO) ဒေသညှိနှိုင်းရေးမှူး Dr. K. Wantaneeနှင့်အတူ ၂၈-၃-၂၀၀၆နေ့မှ နှစ်ပတ်ကြာ မန္တလေး၊ ရွှေဘိုဒေသများသို့ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်သွားကြမည် ဖြစ်ပါသည်။

၅။ **ပြန်လည်ထူထောင်ခြင်း။** ရောဂါထိန်းချုပ်မှုအတွက် ဖျက်ဆီးခံခဲ့ရသည့် မွေးမြူရေးခြံများအား ပြန်လည်ထူထောင်နိုင်ရေးအတွက် ရောဂါထိန်းချုပ်နိုင်ပြီး စိတ်ချရသည့်အခါ ကြက်များ အစားပြန်လည်ဖြည့်ဆည်းနိုင်ရေးနှင့် ဆက်လက်မွေးမြူထုတ်လုပ်နိုင်ရေးအတွက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ အစီအစဉ်အရ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့မှ ပူးပေါင်းညှိနှိုင်း၍ အထောက်အကူပြုသွားမည်ဖြစ်ပါသည်။

၆။ **ကြက်ငှက်တုပ်ကွေးရောဂါ မဖြစ်ပွားသေးသော အခြားဒေသများ။** အဆိုပါဒေသများတွင် ပြည်တွင်းကြက်နှင့် ကြက်ထွက်ပစ္စည်းစားသုံးမှု၊ ရောင်းဝယ်မှု ပုံမှန်ဖြစ်စေရေးအတွက် သက်ဆိုင်ရာဒေသအာဏာပိုင်များသို့ ကျိုးကြောင်းဖော်ပြချက်ဖြင့် ခွင့်ပြုချက်ရယူဖြန့်ဖြူးရောင်းချနိုင်ရန် ပြည်နယ်/တိုင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအချင်းချင်း ကြိုတင်ညှိနှိုင်းပေးခြင်း၊ တိရစ္ဆာန်ကျန်းမာရေး ထောက်ခံချက်ထုတ်ပေးခြင်းတို့ဖြင့် ကြက်၊ ဘဲမွေးမြူ ရောင်းဝယ်ရေးလုပ်ငန်းရှင်များသို့ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန**



# မဆင်မခြင် မောင်းနှင်မှုကြောင့် ယာဉ်တိုက်မှုများဖြစ်ပွား လမ်းကူးသူများအား စနစ်တကျလမ်းကူးစေရေး ဆောင်ရွက်

ရန်ကုန် မတ် ၃၀

**ယာဉ်စည်းကမ်းထိန်းသိမ်းရေး ပညာပေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ ညနေ ၅နာရီတွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး အစည်းအဝေး ခန်းမ၌ကျင်းပရာ ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် တက်ရောက်၍ အမှာစကားပြောကြားသည်။**

အစည်းအဝေးသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက် အတွင်းရေးမှူး၊ တိုင်းအထွေထွေ အုပ်ချုပ်ရေးဦးစီးမှူး၊ ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဝင် များ၊ ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် အနောက်ပိုင်းခရိုင် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး များ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများမှ ဥက္ကဋ္ဌများ၊ မြို့နယ် ရဲတပ်ဖွဲ့မှူးများနှင့် တာဝန်ရှိ သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ယာဉ်စည်းကမ်းထိန်းသိမ်း ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန် တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က အမှာစကား ပြောကြားရာတွင် ယာဉ်မတော်တဆ ဖြစ်ပွားရခြင်းကို လေ့လာရာတွင် ၂၀၀၃ခုနှစ်တွင် အမှုဖွင့်အရေးယူခဲ့သည့် အမှု ၉၃၂မှု၊ ၂၀၀၄ ခုနှစ်တွင် ၉၁၄မှု၊ ၂၀၀၅ခုနှစ်တွင် ၉၁၆မှုဖြစ်ပွားခဲ့သဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်မှုများ ဆောင်ရွက်ခဲ့ရာ အမှုပေါင်း ၉၀၀ ခန့်တွင်သာ ဖြစ်ပွားလျက်ရှိပြီး သိသိသာသာ တိုးတက်လာခြင်း၊ လျော့နည်းကျဆင်းလာခြင်း မရှိသည် ကို တွေ့ရှိရကြောင်း၊ သာမန်ယာဉ် တိုက်မှုများအနေဖြင့် ၂၀၀၃ ခုနှစ်တွင် ၂၀၄၀၊ ၂၀၀၄ ခုနှစ်တွင် ၁၀၇၀၊ ၂၀၀၅ခုနှစ်တွင် ၇၉၅မှုဖြစ်ပွားခဲ့သဖြင့် သိသိသာသာ လျော့နည်းကျဆင်း လာခဲ့ကြောင်း၊ ယာဉ်မတော်တဆအမှု ဖြစ်ပွားရသည့် အကြောင်းရင်းများ တွင် ယာဉ်တိုက်မှုများ၏ ၅၀ရာခိုင်နှုန်း မှာ မဆင်မခြင်မောင်းနှင်မှုကြောင့် ဖြစ်ပွားခဲ့ရပြီး ၂၀ရာခိုင်နှုန်းမှာ လမ်းကူးသူများ၏ ပေါ့ဆမှုကြောင့် ဖြစ်ပွားခဲ့ရသဖြင့် လမ်းအသုံးပြုသူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာစေရေးအတွက် ပညာပေးမှု လုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်ရန် လိုအပ်လာကြောင်း၊ လောလောဆယ် ပညာပေးမှုအပိုင်း အနေဖြင့် စက်သုံးဆီဆိုင်များတွင် ဆီလာထည့်သည့် ယာဉ်မောင်းသူ များအား သုတေသနပြုသည့်အနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မေးခွန်းများကို ဖြေဆိုပေးရန် စီစဉ် ထားပြီးဒုတိယအပိုင်းအနေဖြင့် မြို့တွင်း ခြောက်မြို့နယ်၌ စည်းကမ်းမဲ့လမ်းကူး သူများအား စနစ်တကျ လမ်းကူးစေရေး အတွက် ယာဉ်ထိန်းတပ်ဖွဲ့၊ နယ်မြေရဲ၊ အရန်မီးသတ်နှင့် ကြက်ခြေနီ စသည် တို့ဖြင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပညာပေးရေးနှင့် စည်းကမ်းသတ်မှတ်ရေးဆပ်ကော်မတီ တွဲဖက်အတွင်းရေးမှူး ဒုတိယရဲမှူး သိန်းဆွေက ပညာပေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက်ယာဉ်စည်းကမ်းထိန်းသိမ်း ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန် တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က နိဂုံးချုပ်အမှာ စကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်း လိုက်သည်။ (သတင်းစဉ်)





**ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ရန်ကုန် တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် ယာဉ်စည်းကမ်း ထိန်းသိမ်းရေးပညာပေးလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် ညှိနှိုင်း အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

## မေတ္တာသွေးလှူဒါန်းပွဲ ကျင်းပမည်

**ရန်ကုန် မတ် ၃၀**

ဆေးရုံအသီးသီးပေါ်၌ သွေးလိုနေသော ဝေဒနာရှင်များအား မေတ္တာ သွေးစက်ဖြင့် အသက်ကယ်နိုင်ရန် (၉၃)ကြိမ်မြောက် ဒါနဥပပါရမီ၊ ဒါန ပရမတ္ထပါရမီ မေတ္တာသွေးလှူဒါန်းပွဲကို ဧပြီ၂ရက် နံနက် ၈နာရီခွဲတွင် မေတ္တာဗျူဟာ အဖွဲ့ကကြီးမှူး၍ ဗိုလ်တထောင် စေတီတော်ဆိပ်ကမ်းဓမ္မာရုံကြီး၌ စတင် ကျင်းပမည်ဖြစ်သည်။ မိမိတို့၏ မေတ္တာ သွေးစက်ဖြင့် ခုနစ်ရက်သားသမီးများ ကျန်းမာစေရန် သွေးလှူဒါန်းလိုသူ မေတ္တာသွေးလှူရှင်တိုင်း လာရောက် လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

## သက်ရှည်ကျန်းမာဖို့ လမ်းလျှောက်ကြစို့

ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်းကြောင့် အဝလွန်ရောဂါ၊ နှလုံး ရောဂါ၊ သွေးတိုး ရောဂါ၊ ဆီးချိုရောဂါနှင့် အရိုးအဆစ်များ နာကျင် ရောင်ရမ်းခြင်းတို့ ဖြစ်ပွားတတ်ပါသည်။

**လမ်းလျှောက်ခြင်းသည်**

**၁။ သွေးတိုးကျစေသည်။**
**၂။ နှလုံးရောဂါကို ကာကွယ်နိုင်သည်။**
**၃။ စိတ်ပျော်ရွှင် ကျန်းမာစေသည်။**
**၄။ အရိုးများကြံ့ခိုင်သန်စွမ်းစေသည်။**
**၅။ အဝမလွန်အောင် ထိန်းသိမ်းနိုင်သည်။**
**၆။ ကြွက်သားများ သန်စွမ်းဖျတ်လတ်စေသည်။**
**၇။ သွေးအတွင်းမှ အဆီကျစေသည်။**
**၈။ သွေးအတွင်းမှ သကြားဓာတ်ကျစေသည်။**
**၉။ အသက်အရွယ်မရွေး/လူတန်းစားမရွေး ဆောင်ရွက်နိုင်သည်။**

ရောဂါဘယများကင်း၍ အသက်ရှည် ကျန်းမာကြစေရန် မိသားစု တစ်စုလုံး နေ့စဉ် နာရီဝက်ခန့် ပုံမှန်လမ်းလျှောက်ကြပါရန် နှိုးဆော် အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ရေစက်ချမင်္ဂလာပွဲ

**ပြည် မတ် ၃၀**

ရန်ကုန်မြို့ ခြံအမှတ်(၁၀)၊ ပါရမီလမ်း၊ ငွေကြာရုံရိပ်သာနေ အလှူဒါယကာ ဦးထွန်းဖေ–အလှူဒါယိကာမ ဒေါ်ညွန့်ညွန့် (နိုင်–မိသားစု) အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေး (ရန်ကုန်–မန္တလေး–ပြည်) သားသမီး မြေးတစ်စုတို့၏ (နိုင်–မိသားစု) သာသနာ့ဗိမာန် နှစ်ထပ်ကျောင်း တော်ကြီးကို ဧပြီ ၇ရက် (သောကြာနေ့) တွင် ပြည်မြို့၊ ဘုရင့်နောင်လမ်းမကြီး ဥတ္တရာမ ပရိယတ္တိစာသင်တိုက် အတွင်း၌ ရေစက်ချအလှူမင်္ဂလာကျင်းပ မည်ဖြစ်ကြောင်း သိရသည်။

(က–ပ)

## မီးဘေးရှောင် မလောင်ခင်တား

**မော်လမြိုင်မြို့ သမိုင်းဝင်ကျိုက်သလွံစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း ပြုပြင်တည်ဆောက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် မတ် ၂၄ ရက်က မော်လမြိုင်မြို့ ပန်းဘဲတန်းရပ် အောက်လမ်းမကြီးနေ ကိုဖိုးသီ–မဇာဇာ မိသားစုက ငွေကျပ်တစ်သိန်းပေးအပ်လှူဒါန်းရာ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း လက်ခံရယူစဉ်။**

(၁၀၇)



## အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ ဈေးကွက်များတွင် ရောင်းချနေသော အောက်ဖော်ပြပါ ဆေးဝါးများမှာ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်း (မရှိ)သော ဆေးဝါးများဖြစ်ပါကြောင်းနှင့် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများမှာ အရည်အသွေးအာမခံချက် မရှိပါကြောင်း အသိပေးအပ်ပါသည်။

| စဉ် | ဆေးအမည် | ထုတ်လုပ်သည့်ကုမ္ပဏီအမည် | နိုင်ငံ |
|---|---|---|---|
| ၁။ | CT-10Tablet (Cetirizine Di Hydrochloride BP 10mg) | AKME Drugs & Pharmaceuticals (P)Ltd. | ဖော်ပြထားခြင်းမရှိပါ။ |
| ၂။ | Moduretic Tablet (Amiloride Hydrochloride USP 5 mg, Hydrochlorothiazide USP 50 mg) | Merck Sharp & Dohme of Pakistan Ltd. Karachi. | Pakistan |
| ၃။ | Betnovate-S Skin Ointment (Betamethasone Valerate IP 0.12% w/w & Salicylic acid IP 3%w/w) | Glaxo Smith Kline Pharmaceuticals Ltd. India | India |
| ၄။ | Dulcolax Tablet (Bisacodyl BP 5mg) | Merck Marker (Pvt) Ltd. | Quetta |
| ၅။ | Neomycin Sulfate Ointment | Shanghai General Pharmaceutical Co.,Ltd | China |

၂။ အများပြည်သူများသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေး ဝါးများကို ဝယ်ယူသုံးစွဲခြင်း မပြုကြရန်နှင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသောဆေးဝါးများကိုသာ စူးစမ်းဝယ်ယူသုံးစွဲရန် နှိုးဆော်အပ်ပါသည်။
၃။ ဆေးဝါးတင်သွင်းဖြန့်ဖြူးသည့် ကုမ္ပဏီ၊ ဆေးဝါးရောင်းချသည့်ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင် ထားခြင်း မရှိသောဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းလုံးဝ မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက တည်ဆဲဥပဒေအရ အရေးယူမည် ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၃၁–၃–၂၀၀၆ (သောကြာနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၄၅ ၇။ ခါသကြ်န်အဆိုအကများ
- ၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၂။ ပြီးပါပြီ။

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
- ၄:၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၃၀ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
- ၄:၃၅ ၆။ ခါသကြ်န်အဆိုအကများ
- ၄:၄၀ ၇။ မျိုးချစ်တပ်မတော်
- ၄:၅၀ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅:၂၀ ၉။ ခါသကြ်န်အဆိုအကများ
- ၅:၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ မိုးလေဝသသတင်း
- ၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၅။ **ကာတွန်းအစီအစဉ် "ပါကျဲ" (အပိုင်း–၂၅)**
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြက်ခင်းစိမ်းနဲ့ အိမ်ကလေး" (အပိုင်း–၁၁)**
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ Goals Show
- ၂၁။ စိုက်ပျိုးသုတ
- ၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပါရမီရှင် သိုင်းလုလင်" (အပိုင်း–၂၈)**
- ၂၄။ သင့်အတွက်မနက်ဖြန်
- ၂၅။ အပိတ်နှုတ်ဆက်စကား
- ၂၆။ ပြီးပါပြီ။

ကြေးမုံ The Mirror
ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

# အဆင့်မြင့်တန်း ကွင်းပိတ်ရှုံးထွက်ပွဲ ပယ်နယ်တီ အဆုံးအဖြတ်ကန် မြို့တော်စည်ပင်က တံခွန်ကိုအနိုင်ရ

**ရန်ကုန် မတ် ၃၀**

၂၀၀၅-၂၀၀၆ ဘောလုံးရာသီ အဆင့်မြင့်တန်း ကွင်းပိတ်ရှုံး/ထွက် ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီ ၄၅မိနစ်က အောင်ဆန်းကွင်းတွင် ဆက်လက်ကျင်းပရာ မြို့တော်စည်ပင် အသင်းနှင့် တံခွန်အသင်းတို့ မိနစ် ၁၂၀အထိ နှစ်ဂိုးစီသရေကျနေ၍ ပယ်နယ်တီဖြင့်ဆုံးဖြတ်ရာ မြို့တော်စည်ပင်က လေးဂိုး-သုံးဂိုး(စုစုပေါင်း ခြောက်ဂိုး-ငါးဂိုး)ဖြင့် အနိုင်ရရှိပြီး ကွာတားဖိုင်နယ်သို့ တက်သွားသည်။

**မြို့တော်စည်ပင်အသင်း ခြောက်ဂိုး**
(ဇော်နိုင်ထွန်းနှစ်ဂိုး၊ ကျော်တိုး၊ ကျော်ဒွေးဦး၊ အောင်ဇော်မျိုးနှင့် တင့်နိုင်ထွန်းသိန်း-တစ်ဂိုးစီ)

**တံခွန်အသင်း ငါးဂိုး**
(နိုင်နိုင်လင်းနှစ်ဂိုး၊ အောင်မိုး၊ အေးမိုးနှင့် နေဇော်ထက်-တစ်ဂိုးစီ)

**ဒိုင်လူကြီး ဦးလှတင့်**

ရာသီဥတုမှာ ယခင်နေ့များနှင့်မတူ နေရိပ်မပြ၊ မိုးအုံ့ဆိုင်းဆိုင်းဖြင့် ဘောလုံးသမားအကြိုက် ဖြစ်သည့်အလျောက် ပွဲမှာအကြိတ်အနယ်ရှိခဲ့ပြီး ပယ်နယ်တီကျမှသာ အနိုင်အရှုံးပေါ်ခဲ့သည်။

နှစ်သင်းစလုံး ကွာတားဖိုင်နယ်သို့ တက်ရောက်ရေးအတွက် အထူးကြိုးစားကစားသွားကြသည်။ တံခွန်အသင်းမှာ မိနစ် ၇၀အထိ နှစ်ဂိုးအသာဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း ကျန်မိနစ် ၂၀တွင် ချေပဂိုးများ ပြန်ပေးရကာ ပယ်နယ်တီဖြင့်ဆုံးဖြတ်ရာ၌ အရေးနိမ့်သွားခြင်းဖြစ်သည်။ ပထမပိုင်းတွင် အမှားများခဲ့သော စည်ပင်အသင်းမှာ ဒုတိယပိုင်းတွင် အသင်းကို အချိန်မီ ပြုပြင်ပြောင်းလဲနိုင်ခဲ့၍ အရှုံးဂိုးများ ပြန်လည်ချေပနိုင်ကာ ပယ်နယ်တီကန်ရာတွင်လည်း ဂိုးသမားထွန်းထွန်းလင်း ပယ်နယ်တီနှစ်လုံးကို အစွမ်းပြကာ ကွယ်ပေးနိုင်ခဲ့၍ နောက်တစ်ဆင့်တက်ခဲ့ခြင်းဖြစ်သည်။

ပွဲစကတည်းက နှစ်သင်းစလုံး တိုက်စစ်ဖွင့် ကစားကြရာ ပွဲမှာမြန်ဆန်သွက်လက်ခဲ့သည်။ နှစ်သင်းစလုံး အပြန်အလှန် တိုက်စစ်ဆင်နိုင်သော်လည်း စည်ပင်နောက်တန်းမှာ အမှားများနေ၍ တံခွန်အသင်း အပိုင်ဂိုးသွင်းခွင့်များ ပိုမိုရရှိခဲ့သည်။ ၂၃မိနစ်တွင် အလယ်ကြောမှ ဂိုးရှေ့ဖြတ်ပို့သော ဘောလုံးကို စည်ပင်ဂိုးသမား ထွန်းထွန်းလင်း ပယ်နယ်တီဧရိယာ အပြင်ဘက်ထွက်ပြီး ကာကွယ်ရာ လွတ်ထွက်သွားစဉ် နိုင်နိုင်လင်းဆွဲပြေးပြီး ကန်သွင်းယူခဲ့သဖြင့် တံခွန်အသင်း ဖွင့်ဆော်ဦးဂိုး စတင်ရရှိ သွားသည်။

ဆက်တိုက်ဆိုသလိုပင် တံခွန်အသင်းက ကစားအားတက်သွားပြီး တိုက်စစ်ဆင်လာနိုင်ရာ မိနစ်၃၀တွင် စည်ပင်နောက်တန်းမှ ဇော်နိုင်ထွန်း ဘောလုံးဖျက်ထုတ်ရာ ခြေထောက်နှင့်မထိဘဲ လွတ်ထွက်သွားစဉ် နိုင်နိုင်လင်းကပင် တံခွန်အသင်းအတွက် ဒုတိယဂိုးသွင်းယူသွားသည်။ ထို့နောက်ပိုင်းတွင် စည်ပင်အသင်း ချေပဂိုးများရရှိရေး အားထည့်ကစားလာရာ ဂိုးသွင်းခွင့်များရရှိခဲ့သော်လည်း အသုံးမချနိုင်၍ ပထမပိုင်းအပြီးတွင် တံခွန်က နှစ်ဂိုးအသာဖြင့် အနိုင်ရနေသည်။

ဒုတိယပိုင်းတွင် စည်ပင်အသင်း အရှုံးဂိုးချေပနိုင်ရန် ကစားအား အထူးမြင့်တင်လာသည်။ ၁၀မိနစ်တွင် ညွှန့်ဝင်းအစား ကွင်းလယ်ဖန်တီးရှင် တင့်နိုင်ထွန်းသိန်း ဝင်လာ၍ ကစားပုံငြိမ်လာပြီး ပထမပိုင်းတွင် နောက်တန်းဘယ်အစွန်ကစားပြီး အမှားများနေသည့် ဇော်နိုင်ထွန်းကို အလယ်တန်းတက် ကစားခိုင်းလိုက်သည့်အတွက် စည်ပင်တိုက်စစ် ပိုအတွဲမိလာပြီး တံခွန်ဂိုးပေါက်ကို ခြိမ်းခြောက်လာနိုင်သည်။ စည်ပင်က နည်းဗျူဟာ ပြောင်းလဲမှု မှန်ကန်သွားသောကြောင့် ၂၅ မိနစ်ကျော်တွင် ချေပဂိုးများ ပြန်လည်ရရှိခဲ့သည်။ ၂၆ မိနစ်တွင် လှအေးထွေး ဂိုးရှေ့ ကန်တင်ပေးသော ဘောလုံးကို ဇော်နိုင်ထွန်းက ထောင့်ဖြတ် မြေမကျကန်သွင်းလိုက်၍ စည်ပင်အသင်း ပထမချေပဂိုး ရရှိသွားသည်။

ချေပဂိုးရရှိသွား၍ စည်ပင်အသင်း တိုက်စစ်အား ပိုကောင်းလာပြီး ၃၂ မိနစ်တွင် သန်းဝဏ္ဏအောင် ဖြတ်ပို့သော ဘောလုံးကို ဇော်နိုင်ထွန်းကပင် တံခွန်ဂိုးသမား ကိုကိုအောင်ကိုကျော်ပြီး မြေမကျပိတ်သွင်းယူခဲ့၍ စည်ပင်အသင်း ဒုတိယချေပဂိုး ထပ်မံရရှိသွားသည်။ နှစ်ဂိုးစီသရေဖြစ်ပြီး နောက်ပိုင်းတွင် ဂိုးထပ်မံရရှိရေး ကြိုးစားကြသော်လည်း နှစ်သင်းစလုံး ဂိုးမသွင်းနိုင်ကြ၍ အချိန်ပို ဆက်လက် ယှဉ်ပြိုင်ခဲ့ရသည်။

အချိန်ပို မိနစ် ၃၀တွင် တံခွန်အသင်းက ပိုဖိကစားနိုင်သော်လည်း စည်ပင်အသင်း ဂိုးမပေးရရေးကြံ့ကြံ့ခံကာကွယ်ဖျက်ထုတ်နိုင်ခဲ့ကြသည်။ နှစ်သင်းစလုံး ဂိုးမသွင်းနိုင်၍ ပယ်နယ်တီ ငါးလုံးစီကန်ပြီး ဆုံးဖြတ်ရာ မြို့တော်စည်ပင်က လေးဂိုးဝင်ပြီး တံခွန်က သုံးဂိုးသာဝင်သဖြင့် မြို့တော်စည်ပင်က စုစုပေါင်း ခြောက်ဂိုး-ငါးဂိုးဖြင့် အနိုင်ရရှိသွားသည်။

မြို့တော်စည်ပင်သည် ကွာတားဖိုင်နယ်၌ လယ်ယာထွက်ကုန် (သို့) ကမ္ဘောဇ အနိုင်ရသောအသင်းနှင့် ဧပြီ ၅ ရက်တွင် ကစားရမည်ဖြစ်သည်။

**ယနေ့ပွဲ**

**(အောင်ဆန်းကွင်း)**

လယ်ယာထွက်ကုန်နှင့် ကမ္ဘောဇ

(ကြေးမုံ)



**မြို့တော်စည်ပင်မှ လှအေးထွေး၏ ထိုးဖောက်မှုကို တံခွန်မှ ဇင်မျိုးဝင်း ဟန့်တားစဉ်။** (ကြေးမုံ)

# ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ ဗီလာရီးယဲလ်အသင်းကို အင်တာမီလန်အနိုင်ရ

**လန်ဒန် မတ် ၃၀**

ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ်အဖြစ် မတ် ၂၉ရက်က ယှဉ်ပြိုင်ကစားရာ အီတလီနိုင်ငံမှ အင်တာမီလန်အသင်းက စပိန်မှ ဗီလာရီးယဲလ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ အီတလီ အေစီမီလန်အသင်းနှင့် ပြင်သစ်အိုလံပစ် လီယွန်အသင်းတို့၏ပွဲတွင်မူ ဂိုးမရှိ သရေကျခဲ့သည်။

ဥရောပထိပ်တန်း ဘောလုံးကလပ်အသင်းများ၏ ပြိုင်ပွဲတွင် ပထမဆုံးအကြိမ် ပါဝင်ခွင့်ရရှိလာသည့် ဗီလာရီးယဲလ်အသင်းသည် မျှော်လင့်ချက်များနှင့်အတူ ယှဉ်ပြိုင်ကစားခဲ့သည်။

**ဂိုးသွင်းနိုင်**

ဗီလာရီးယဲလ်အသင်းသည် ၎င်း၏ အဝေးကွင်းဖြစ်သော မီလန်မြို့ရှိ ဆန်စီယိုကွင်းတွင် ပွဲဦးထွက်မှာပင် အခွင့်အလမ်းသာခဲ့သည်။ ပွဲချိန် တစ်မိနစ်တွင် ဒီဂိုဖော်လန်က ဗီလာရီးယဲလ်အသင်းအတွက် ဂိုးသွင်းနိုင်ခဲ့သည်။

သို့ရာတွင် အက်ဒရီယာနိုနှင့် ပွဲချိန် ၂၈မိနစ်တွင် ရီကိုဘာ၏နေရာ၌ အစားထိုးဝင်လာခဲ့သူ မာတင်တို့က အိမ်ရှင်အသင်းအတွက် ဂိုးသွင်းနိုင်ခဲ့ရာ ဗီလာရီးယဲလ်အသင်း၏ မျှော်လင့်ချက်များ မှေးမှိန်ခဲ့သည်။ စပိန်အသင်းသည် ဥရောပပွဲ ၁၂ပွဲတွင် ပထမဆုံးအကြိမ် အဝေးကွင်း၌ ရှုံးနိမ့်ခြင်းဖြစ်သည်။



**မတ် ၂၉ရက်က လီယွန်မြို့တွင် ကျင်းပသည့် ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ပထမအကျော့ပွဲတွင် မီလန်အသင်းမှ ဘရာဇီးကွင်းလယ်ကစားသမား ကာကာ (ဝဲ)က လီယွန်အသင်းမှ ပြင်သစ်ကွင်းလယ်ကစားသမား ဖလောရင့်မာလူဒါနှင့် ဂျာရမီကလေးမင့်တို့နှင့်ယှဉ်ပြိုင်ကာ ဘောလုံးကို ထိန်းချုပ်နိုင်ရန် ကြိုးပမ်းစဉ်။** (ဓာတ်ပုံ-အင်တာနက်)



**မတ် ၂၉ရက်က မီလန်မြို့တွင် ကျင်းပသည့် ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ပထမအကျော့ပွဲတွင် အင်တာမီလန်အသင်းမှ ဟာဗီးယားဇနက်တီက ဗီလာရီးယဲလ်အသင်းမှ ကာလီဂျာနှင့် ဆီဇာအာရိုတို့ကို ကျော်ဖြတ်ကာ ဘောလုံးကို သယ်ယူစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

ပွဲချိန် ခုနစ်မိနစ်တွင် အက်ဒရီယာနိုက ချေပဂိုးသွင်းယူခဲ့ပြီးနောက် ပွဲချိန် ၅၄မိနစ်တွင် တိုက်စစ်မှူး မာတင်၏ ဂိုးဖြင့် အီတလီအသင်း အနိုင်ရရှိခြင်းဖြစ်သည်။

**အေစီမီလန်-အိုလံပစ်လီယွန်**

အီတလီ အေစီမီလန်အသင်းနှင့် ပြင်သစ်အိုလံပစ် လီယွန်အသင်းတို့၏ ကွာတားဖိုင်နယ် ပထမအကျော့ပွဲတွင် ဂိုးမရှိသရေကျခဲ့ကြသည်။

ဗုဒ္ဓဟူးနေ့က ပြင်သစ်နိုင်ငံ လီယွန်မြို့ရှိ ဂါးလန်းအားကစားကွင်းတွင် အိမ်ရှင်အသင်းက ခြောက်ကြိမ်တိုင်တိုင် ဖိုလ်စွဲခဲ့ဖူးသော အေစီမီလန်အသင်းကို သရေကျအောင် ကစားနိုင်ခဲ့သည်။

အေစီမီလန်အသင်းသည် ပထမပိုင်းတွင် ကစားကွက်အသာဖြင့် စိုးမိုးကစားနိုင်ခဲ့သော်လည်း ဂိုးသွင်းမခံရရန် လီယွန်အသင်းက ကြံ့ကြံ့ခံကစားခဲ့သည်။ လီယွန်အသင်းသည် ဒုတိယပိုင်း ၂၈ မိနစ်တွင် တစ်ဖက်အသင်းကို ပိုမိုခြိမ်းခြောက်လာသော်လည်း မည်သည့်အသင်းကမျှ ဂိုးသွင်းနိုင်ခြင်းမရှိခဲ့ပေ။

လီယွန်အသင်းတွင် ထိပ်တန်း ကွင်းလယ်ကစားသမား ဂျူနင်ဟိုပါဝင်ကစားခြင်းမရှိသဖြင့် ကွင်းလယ်ကစားကွက် အားနည်းနိုင်သော်လည်း မန်နေဂျာ ဂျရတ်ဟူလီယာက ဘီနွိုက်ပက်ထရက်အား ဂျူနင်ဟို၏နေရာတွင် အားဖြည့်ပေးခဲ့သည်။

ပွဲအစပိုင်းမှာပင် မီလန်အသင်းက ဖိကစားခဲ့ပြီး ဂိုးရရှိရေးကြိုးပမ်းခဲ့သည်။ ပွဲချိန် ခုနစ်မိနစ်မျှသာကြာမြင့်ချိန်တွင် တိုက်စစ်မှူး အင်ဒရီရှက်ချင်ကိုက ဂိုးသွင်းခွင့်ရရှိခဲ့သော်လည်း လီယွန်ဂိုးသမား ဂရီဂိုရီကူးပက် ကာကွယ်လိုက်နိုင်သည်။

နောက်ထပ် ငါးမိနစ်အကြာတွင် ဘရာဇီးဘောလုံးသမား ကာကာက ဂိုးသွင်းရန် အခွင့်အလမ်းကို အပိုင်ရရှိသော်လည်း အချိန်အဆလွဲချော်မှုကြောင့် ဂိုးမဝင်ခဲ့ပေ။

***အင်တာနက်။***

# ဒုလ္လဘရဟန်းခံ ရှင်ပြုပွဲ ကျင်းပမည်

**ရန်ကုန် မတ် ၃၀**

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ကျိုက္ကစံ ဆံတော်ရှင်စေတီတော်မြတ်ကြီး၏ အရှေ့ဘက်ရှိ သုမင်္ဂလာရာမ လယ်တီဝိပဿနာကျောင်းတိုက်ကြီး၏ မူလပဓာန နာယက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ကြီးအား ရည်စူး၍ ကုသိုလ်တော်အဖြစ် ဥပသမ္ပဒမင်္ဂလာ ၁၀၈ပါး ဒုလ္လဘရဟန်းခံပွဲ၊ ပဗ္ဗဇ္ဇမင်္ဂလာ ၁၀၈ပါး ရှင်သာမဏေဝတ်ပွဲနှင့် ၁၀၈ပါး ဒုလ္လဘသီလရှင်ဝတ်ပွဲ မင်္ဂလာအခမ်းအနားကို မြန်မာနှစ်ဆန်း ၂ ရက်(ဧပြီ ၁၈ရက်) အင်္ဂါနေ့တွင် ယင်းကျောင်းတိုက်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ရဟန်းသာမဏေ၊ သီလရှင်ဝတ်လိုသူများသည် ဧပြီ ၁၃ရက် သင်္ကြန်အကြိုနေ့ နောက်ဆုံးထား၍ စာရင်းပေးသွင်းကြရန်နှင့် ရဟန်းတစ်ပါးလျှင် သင်္ကန်းပရိက္ခရာအစုံကျပ် ၅၀၀၀၊ သာမဏေတစ်ပါးလျှင် ကျပ် ၄၀၀၀၊ သီလရှင်တစ်ပါးလျှင် ကျပ် ၅၀၀၀ တို့ကိုလည်းကောင်း၊ အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲနှင့် ညနေ ဖျော်ရည်ဆွမ်း လှူဒါန်းဖွယ်ရာများကိုလည်းကောင်း လှူဒါန်းလိုပါက လယ်တီဝိပဿနာကျောင်းတိုက် ဖုန်း-၅၆၀၇၁၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၅၀၆)

# အလုပ်ပေးတရားစခန်း ဖွင့်မည်

**ရန်ကုန် မတ် ၃၀**

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်အတွင်းရှိ ဖော့ကန် ဝါဥူးပရိယတ္တိစာသင်တိုက်၌ ဘဒ္ဒန္တ သုနန္ဒ (ဂန္ထဝါစကပဏ္ဍိတ ဓမ္မာစရိယ L.L.B)၊ ဘဒ္ဒန္တဉာဏုတ္တရ (တိုက်အုပ်စာချ ဆရာတော်)တို့ ဦးဆောင်လျက် သင်္ကြန်အတွင်း ခုနစ်ရက် တရားစခန်းပွဲကို ဧပြီ ၁၁ရက်မှ ၁၇ရက်အထိ ဖွင့်လှစ်ပြီး တရားပြသမည်ဖြစ်သည်။ တရားအားထုတ်လိုကြသော ယောဂီများသည် ဧပြီ ၁ရက်မှစ၍ စာရင်းပေးသွင်းနိုင်ကြပြီး ဧပြီ ၁၁ရက် ညနေ ၆နာရီအရောက် တရားစခန်းဝင်ရောက်ကြရန်နှင့် လှူဒါန်းလိုသော ဒါတဗ္ဗဝတ္ထုများအတွက် ဖုန်း-၇၂၂၈၈၇ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

# ဖေဖော်ဝါရီလအတွင်း မူးယစ်ဆေးဝါးအမှုပေါင်း ၂၂၄မှု ဖမ်းဆီးရမိ

**ရန်ကုန် မတ် ၃၀**

၂၀၀၆ခုနှစ် ဖေဖော်ဝါရီလတွင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာနတို့သည် မူးယစ်ဆေးဝါးအမှုပေါင်း ၂၂၄မှု ဖမ်းဆီးနိုင်ခဲ့သည်။ အဆိုပါဖမ်းဆီးရမိ မူးယစ်ဆေးဝါးအမှုပေါင်း ၂၂၄မှုတွင် ဘိန်း ၄၄မှု၊ အလေးချိန် ၄၃ဒသမ၃၈၁၅ကီလို၊ ဘိန်းဖြူ ၈၅မှု၊ အလေးချိန် ၂ဒသမ ၀၇၆၇ကီလို၊ ဘိန်းညို နှစ်မှု၊ အလေးချိန် ၂၂ဒသမ ၈ကီလို၊ ဘိန်းဆီ ငါးမှု၊ အလေးချိန် ဒသမ ၀၂၄၆ကီလို၊ အဆင့်နိမ့်ဘိန်း ကိုးမှု၊ အလေးချိန် ၅၄၉၅ဒသမ ၇၈၁၄ကီလို၊ ဆေးခြောက် ၁၈မှု၊ အလေးချိန် ၆ဒသမ ၅၀၀၂ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၂မှု၊ ၉၇၀၂၉၈ပြား၊ စိတ်ကြွရူးသွပ်ဆေးမှုန့် အလေးချိန်ဒသမ ၀၇ကီလို၊ ဘိန်းစာမှုန့် ကိုးမှု၊ အလေးချိန် ၂၄ဒသမ ၇၃ကီလို၊ ချောင်းဆိုးပျောက်ဆေးရည် ပမာဏ ဒသမ ၀၃လစ်တာ၊ ဓာတုဆေးရည် ပမာဏ ၆၅၆လစ်တာ၊ ဓာတုဆေးမှုန့် အလေးချိန် ၅၇၀ဒသမ ငါးကီလို၊ မှတ်ပုံတင်ပျက် ငါးမှု၊ အခြားအမှု ၅မှုဖမ်းဆီးရမိခဲ့သည်။

၂၀၀၆ခုနှစ် ဖေဖော်ဝါရီလတွင် မူးယစ်ဆေးဝါးအမှုပေါင်း ၂၂၄မှု ဖမ်းဆီးခဲ့ရာတွင် တရားခံအမျိုးသား ၂၈၂ဦး၊ တရားခံအမျိုးသမီး ၈၄ဦး၊ စုစုပေါင်း တရားခံ ၃၆၆ဦးတို့အား ဥပဒေအရ အရေးယူဆောင်ရွက်ခဲ့သည်။(သတင်းစဉ်)

**မူးယစ်ဆန့်ကျင် အောင်ပွဲဆင်**

# နွေရာသီ အခြေခံအားကစား သင်တန်းများ ဖွင့်လှစ်သင်ကြား ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် လှည့်လည်ကြည့်ရှုအားပေး

ရန်ကုန် မတ် ၃၀

**မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၏ စီစဉ်မှု၊ အားကစားဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ဖွင့်လှစ်လျက်ရှိသည့် ၂၀၀၆ ခုနှစ် နွေရာသီ အခြေခံအားကစား သင်တန်းများကို မတ် ၁၄ ရက်မှ စတင်၍ ရန်ကုန်တိုင်းအတွင်းရှိ အားကစားကွင်း၊ အားကစားရုံများနှင့် သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းများ၌ တစ်ပြိုင်တည်း ဖွင့်လှစ်လျက်ရှိရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယမန်နေ့ နံနက် ၇ နာရီတွင် စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်းရှိ မြန်မာနိုင်ငံ ဝူရှူးအားကစားအဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမ၌ ဖွင့်လှစ်သင်ကြားလျက်ရှိသည့် နွေရာသီအခြေခံ ဝူရှူးအားကစား သင်တန်းသို့ သွားရောက် ကြည့်ရှုစစ်ဆေး၍ အားပေးအမှာစကားပြောကြားကာ သင်တန်းနည်းပြဆရာများအတွက် သင်တန်းစရိတ်ငွေများ ထောက်ပံ့ပေးအပ်သည်။**

ပဒုမ္မာအားကစားကွင်းရှိ နွေရာသီ အခြေခံဝူရှူးသင်တန်း၌ သင်တန်းသား ၄၀၀ တက်ရောက် သင်ကြားလျက်ရှိပြီး အလားတူ ဝူရှူးသင်တန်းများကို ကမာရွတ်မြို့နယ် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း၌ လည်းကောင်း၊ ရန်ကင်းပညာရေးကောလိပ်၌ လည်းကောင်း၊ မင်္ဂလာဒုံမြို့နယ် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း၌ လည်းကောင်း၊ အမျိုးသားအားကစား ပြိုင်ပွဲရုံ(၁) (သုဝဏ္ဏ)၌လည်းကောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းနှင့် ကမာရွတ်မြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းတို့၌လည်းကောင်း ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

ဆက်လက်၍ ဝန်ကြီးသည် နံနက် ၇နာရီခွဲတွင် ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်သို့ သွားရောက်၍ ၂၀၀၆ ခုနှစ် နွေရာသီ အခြေခံရေကူးသင်တန်းများနှင့် ဒိုင်ဗင်သင်တန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး သင်တန်းသား၊ သင်တန်းသူများနှင့် နည်းပြဆရာများအား တွေ့ဆုံအားပေးစကားပြောကြား၍ လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးသည်။

အဆိုပါ သင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၅၅၆ဦး တက်ရောက် သင်ကြားလျက်ရှိသည်။ နွေရာသီ အခြေခံရေကူးသင်တန်းများကို သက်ဆိုင်ရာမြို့နယ်များရှိ ရေကူးကန်များ၌ သင်ကြားပို့ချလျက်ရှိသည်။

ယင်းမှတစ်ဆင့် ဝန်ကြီးသည် နံနက် ၈နာရီတွင် လူငယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်း အမှတ် (၃)၌ ၂၀၀၆ခုနှစ် နွေရာသီ အခြေခံဘောလုံး အားကစားနည်း သင်တန်းသားများ၏ လေ့ကျင့်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေး အားပေးပြီး သင်တန်းသားများအတွက် ဘောလုံးအားကစား ပစ္စည်းများနှင့် ထောက်ပံ့စရိတ်ငွေများ ချီးမြှင့်ခဲ့သည်။ အဆိုပါ နွေရာသီ အခြေခံဘောလုံး အားကစားနည်းသင်တန်းတွင်သင်တန်း သား စုစုပေါင်း ၄၂၀ တက်ရောက် သင်ကြားလျက်ရှိသည်။

ထို့နောက် ဝန်ကြီးသည် တောင်ဥက္ကလာပမြို့နယ် ပဒေသာဘောလုံးကွင်း၌ ဖွင့်လှစ်သည့် ၂၀၀၆ ခုနှစ် နွေရာသီအခြေခံဘောလုံးသင်တန်းသား များ လေ့ကျင့်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေး အားပေးအမှာစကား ပြောကြားပြီး သင်တန်းသားများ အတွက် ဘောလုံးအားကစားပစ္စည်း များကိုလည်းကောင်း၊ နည်းပြဆရာများ အတွက် ထောက်ပံ့စရိတ်ငွေများကို လည်းကောင်း ချီးမြှင့်ခဲ့ရာ တာဝန်ရှိသူတို့က အသီးသီး လက်ခံရယူကြပြီး သင်တန်းတွင် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များမှ သင်တန်းသား စုစုပေါင်း ၁၈၂၅ ဦး တက်ရောက် သင်ကြားလျက်ရှိပြီး အလားတူ နွေရာသီအခြေခံ ဘောလုံးအားကစား နည်းသင်တန်းများကို သက်ဆိုင်ရာ မြို့နယ်အားကစား ကွင်းများ၌ ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

ဆက်လက်၍ ဝန်ကြီးသည် နံနက် ၈နာရီခွဲတွင် လူငယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ရှိ ပိုက်ကျော်ခြင်း အားကစားရုံ၌ ဖွင့်လှစ်လျက်ရှိသည့် နွေရာသီ အခြေခံ ပိုက်ကျော်ခြင်း အားကစားသင်တန်းစခန်းသို့ ရောက်ရှိလာပြီး သင်တန်းသားများနှင့် မြန်မာ့လက်ရွေးစင် ပိုက်ကျော်ခြင်း အားကစားသမားများအား အားပေးအမှာစကား ပြောကြားပြီး သင်တန်းအတွက် ပိုက်ကျော်ခြင်း အားကစားပစ္စည်းများ နှင့် သင်တန်းနည်းပြဆရာများအတွက် ထောက်ပံ့စရိတ်ငွေများ ပေးအပ်ခဲ့သည်။

လူငယ်အားကစား လေ့ကျင့်ရေး စခန်း (သုဝဏ္ဏ)ရှိ ပိုက်ကျော်ခြင်း အားကစားရုံ၌ သင်တန်းသား ၅၀ တက်ရောက် သင်ကြားလျက်ရှိပြီး နွေရာသီ အခြေခံပိုက်ကျော်ခြင်း သင်တန်းများကို ကြည့်မြင်တိုင်မြို့နယ် နှင့် တာမွေမြို့နယ် ILBC ကျောင်း များ၌ သင်ကြားပို့ချလျက်ရှိသည်။

၂၀၀၆ ခုနှစ် နွေရာသီအခြေခံ အားကစားသင်တန်းများကို ရန်ကုန် တိုင်းအတွင်းရှိ သက်ဆိုင်ရာ မြို့နယ်များ ရှိ အားကစားကွင်း အားကစားရုံများ၌ ဖွင့်လှစ်သင်ကြားလျက်ရှိရာ တင်းနစ်၊ ဘတ်စကက်ဘော၊ ဝူရှူး၊ သိုင်း၊ ကရာတေးဒို၊ စက်ဘီး၊ ဘော်လီဘော၊ ခရစ်ကက်၊ ကာယဗလ၊ကာယအလှ၊ ဘော့စ်ဘော၊ ဘိလိယက်နှင့် စနူကာ၊ ကြက်တောင်၊ ဟော်ကီ၊ ပြေးခုန်ပစ်၊ စားပွဲတင်တင်းနစ်၊ လှေလှော်၊ ကျွမ်းဘား၊ ပိုက်ကျော်ခြင်း၊ ဂျူဒို၊ အလေးမ၊ အေရိုးဗစ်၊ မြားပစ်၊ ခြင်းလုံး၊ တိုက်ကွမ်ဒို၊ သေနတ်ပစ်၊ စစ်တုရင်၊ လက်ဝှေ့၊ ရွက်လှေ၊ ဘောလုံး၊ ရေကူး စုစုပေါင်း အခြေခံအားကစားနည်း သင်တန်း ၃၀ ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

(သတင်းစဉ်)



နွေရာသီ ဝူရှူးသင်တန်းတွင် သင်တန်းသား၊ သင်တန်းသူများ လေ့ကျင့်ကြစဉ်။ (ကြေးမုံ)

## ဂရင်းရွိုင်ရယ် စပါယ်ရှယ်ရီဆာ့ဗ်ဂေါက်သီးရိုက်ပြိုင်ပွဲ NETT TOTAL ၁၄၀ ဖြင့် ဖြိုးကျော်ကျော် ပထမရရှိ

ရန်ကုန် မတ် ၃၀

**မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍** International Beverages Trading Co., Ltd. **က အဓိကူညီပံ့ပိုးသော** Grand Royal Special Reserve **တံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ** (Grand Royal Reserve Golf Championship 2006) **၏ ဒုတိယနေ့ ၁၈ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် တညင်းကုန်းရှိ ရန်ကုန်ဂေါက်ကလပ်၌ ကျင်းပသည်။**

ပြိုင်ပွဲ၏ ဒုတိယနေ့ ၁၈ကျင်းပြိုင်ပွဲ အပြီး၌ ဆုချီးမြှင့်သည့် အခမ်းအနားကို ကျင်းပရာ MPGA နှင့် MGF အမှုဆောင် ဦးကိုကိုလေးက Putting Challenge ပြိုင်ပွဲတွင် ပထမရရှိသော နိုင်နိုင်လင်းအား လည်းကောင်း၊ ကျင်းအမှတ်(၁၁)တွင် တစ်ပေဖြင့် Nearest to the Pin ဆုရရှိသော နေမျိုးအောင်အား လည်းကောင်း၊ ကျင်းအမှတ် (၉)တွင် ၃၁၇ ကိုက်ဖြင့် Longest Drive ဆုရရှိသော ဗိုလ်မှူးမောင်ထွေးအားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာ ဂေါက်သီးရိုက်အဖွဲ့ချုပ် အမှုဆောင် Professional Golfer ဦးချမ်းဟန်နှင့် ဒါရိုက်တာ ဦးတင့်ဦး (IBTC ) တို့က ပြိုင်ပွဲတွင် Conscolation ဆုရရှိကြသော အပျော်တမ်း ဂေါက်သီးရိုက်အားကစားသမားတို့အား ဆုများကို အလှည့်ကျ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ MPGA နှင့် MGF ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)က ပြိုင်ပွဲတွင် Nett Total ၁၄၀ဖြင့် ပထမရရှိသော ဖြိုးကျော်ကျော်၊ Nett Total ၁၄၀ဖြင့် ဒုတိယရရှိသော သန့်ဇော်ထိုက်၊ Nett Total ၁၄၁ချက်ဖြင့် တတိယရရှိသော ရဲမျိုးဟိန်းနှင့် Nett Total ၁၄၁ချက်ဖြင့် စတုတ္ထရရှိသော လှရွှေတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဒါရိုက်တာ ဦးတင့်ဦး (IBTC) က ရန်ကုန်ဂေါက်ကလပ်သို့ အမှတ်တရ ဂုဏ်ပြုလက်ဆောင်ကို ပေးအပ်ရာ ရန်ကုန်ဂေါက်ကလပ် အမှုဆောင် ဦးခိုင်စိုးသာက လက်ခံသည်။

ယင်းပြိုင်ပွဲ၏ Main Sponsor မှာ IBTC ဖြစ်ပြီး Cosponsors များအဖြစ် Air Mandalay၊ Grand Plaza Parkroyal Hotel၊ Crusher Club Soda နှင့် Srixon တို့က အသီးသီး ပါဝင်ကူညီကြပြီး ရန်ကုန်ဂေါက်ကလပ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဖြစ်မြောက် အောင်မြင်ရေးအတွက် Organized By Han Event Management က တာဝန်ယူဆောင်ရွက်ပေးသည်။

(သတင်းစဉ်)



ပုသိမ်ခရိုင် သာပေါင်းမြို့နယ် ငှက်ပျောတောကျေးရွာ၌ သာသနာ့ဝေပုလ္လခါတော်မီကျောင်းတိုက် ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဣန္ဒက အရှင်မြတ် တည်ဆောက်လျက်ရှိသော ကံဦးခါတ်တော်တိုက် ကိုးနဝင်း ဆုတောင်းပြည့်စေတီ အာရုံခံတန်ဆောင်း တည်ဆောက်ရေးအတွက် လှည်းကူးမြို့ ဝါးရုံတော ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပဒုမလင်္ကာရ မဟာထေရ်ထံမှောက်တွင် မတ် ၂၃ ရက်က ရန်ကုန်မြို့ (၂၈) လမ်း၊ ပန်းဘဲတန်းမြို့နယ်နေ ဦးငြိမ်းဇော်လင်း (အဖေ့မေတ္တာပုံနှိပ်တိုက်) မိသားစုက အလှူငွေ ကျပ် ၁၅ သိန်း ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

## မြောင်းမြမြို့နယ်အသင်း (ရန်ကုန်) ဆွမ်းဆန်စိမ်း လောင်းလှူမည်

**ရန်ကုန် မတ် ၃၀**

မြောင်းမြမြို့နယ် (၇၁)ကြိမ်မြောက် မြို့နယ်လုံးကျွတ် သံဃဒါနဆွမ်းဆန်စိမ်းနှင့်ပဒေသာပင် လောင်းလှူပွဲကို မြန်မာနှစ်ဆန်းတစ်ရက်နေ့၊ ဧပြီ ၁၇ရက် (တနင်္လာနေ့) ညနေတွင် မြောင်းမြမြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

မြောင်းမြမြို့နယ်အသင်း (ရန်ကုန်)က (၅)ကြိမ်မြောက် ပဒေသာပင် သွားရောက်လှူဒါန်းမည်ဖြစ်ရာ ပဒေသာတစ်ပင်လျှင် ကျပ်၅၀၀၀ သတ်မှတ်ထားရာ လှူဒါန်းလိုသူများသည် ဧပြီ ၁၂ရက် (ဗုဒ္ဓဟူးနေ့)နောက်ဆုံးထား၍ ဦးကျော်ဝင်း ဥက္ကဋ္ဌ ဖုန်း-၅၅၈၅၄၃၊ ဒုတိယဥက္ကဋ္ဌများ ဦးမျိုးကြည် ဖုန်း- ၀၉-၅၁၂၃၇၂၃၊ ဦးသန့်ဇင် ဖုန်း-၀၉-၉၉၂၂၁၉၇၊ ဒေါ်သန်းမြင့် ဖုန်း-၅၂၆၁၆၈၊ ဒုတိယ ဗိုလ်မှူးကြီးသက်စိုး (ငြိမ်း) ၇၀၇၅၁၄၊ ဦးလှဖေ အတွင်းရေးမှူး ဖုန်း-၂၂၁၄၁၉၊ ဦးဇော်ထွန်း တွဲဖက်-၁ ဖုန်း-၇၀၉၁၁၄၊ ဦးစန်းရွှေ တွဲဖက်-၂ ဖုန်း-၂၈၂၆၉၃၊ ဦးခင်အောင်တင့် ဘဏ္ဍာရေးမှူး ဖုန်း- ၇၀၁၆၆၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)



မုဒုံမြို့ ဘိုးဘွားရိပ်သာ ဆိုင်းဘုတ်သစ်ပြုလုပ်နိုင်ရေးအတွက် မတ် ၁၂ရက်က ခေတ္တကိုရီးယားရောက် မြန်မာလူငယ်များက အလှူငွေကျပ် ၃၅၀၀၀၀ ပေးအပ်လှူဒါန်းရာ ဘိုးဘွားရိပ်သာဥက္ကဋ္ဌ ဦးပိုးရီက လက်ခံရယူစဉ်။ (မြို့နယ်ပြန်/ဆက်)

## ပေါင်းတည်မြို့ ဘိုးဘွားရိပ်သာ နှစ်ပတ်လည်စည်းဝေး

**ပြည် မတ် ၂၈**

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ပေါင်းတည်မြို့နယ် ဘိုးဘွားရိပ်သာ (၇၆) နှစ်မြောက် နှစ်ပတ်လည် အစည်းအဝေးနှင့် ပျော်ပွဲရွှင်ပွဲဖွင့်ပွဲ အခမ်းအနားကို မတ် ၂၆ ရက် နံနက် ၉ နာရီက အဆိုပါ ဘိုးဘွားရိပ်သာဝင်းအတွင်းရှိ စိန်ရတုခန်းမတွင် ကျင်းပသည်။

အစီအစဉ်အရ ဦးရန်မျိုးအောင်သိန်း၊ ပြည်ခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ခင်နှင့် ဘိုးဘွားရိပ်သာ အလုပ်အမှုဆောင် ဥက္ကဋ္ဌ ဦးတင်ထွန်းတို့က (၇၆)နှစ်မြောက် နှစ်ပတ်လည် အစည်းအဝေးနှင့် ပျော်ပွဲရွှင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အဘိုးအဘွားများအား ငွေနှင့်ပစ္စည်းများဖြင့် ကန်တော့ကြသည်။

ထို့နောက် အလှူငွေပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်သက်၊ အတွင်းရေးမှူး ဦးလှကြိုင်၊ အဖွဲ့ဝင်(၁) ဒုရဲမှူးမြင့်အေး၊ အဖွဲ့ဝင်(၂) ဦးသန်းချိုတို့က ဧဝိတဒါန ဘိုးဘွားဆေးရုံဆောက်လုပ်ရေးအတွက် အလှူငွေများကို လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။ (က-ပ)

# တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် ပေါင်မြို့နယ် ပေါင်းရပ်ကွက် သမိန်ဗရမ်းလမ်း ကတ္တရာလမ်း ထပ်ပိုးလွှာ လမ်းသစ်ဖွင့်ပွဲ တက်ရောက်

နေပြည်တော်　　　မတ်　　　၃၀

ပေါင်မြို့နယ် ပေါင်းရပ်ကွက် သမိန်ဗရမ်းလမ်း ကတ္တရာထပ်ပိုးလွှာ လမ်းသစ်ဖွင့်ပွဲကို မတ် ၂၆ ရက် နံနက် ၈ နာရီက အဆိုပါလမ်း၌ ကျင်းပရာ အခမ်းအနားသို့ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် တက်ရောက်အားပေးသည်။

ရှေးဦးစွာပေါင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်လှက ကတ္တရာလမ်းထပ်ပိုးလွှာခင်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူများကိုယ်စား ဦးရဲကျော်က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းမြက လမ်းသစ်ဖွင့်ပွဲအထိမ်းအမှတ်အလံငယ်ကို တိုင်းမှူးနှင့် တာဝန်ရှိသူများအား ပေးအပ်သည်။

ဆက်လက်၍ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်မြင့်စိုး၊ သထုံခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးသော်ဇင်၊ မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်တို့က လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်က ကတ္တရာ ထပ်ပိုးလွှာလမ်းသစ်ဖွင့်ပွဲမှခ်ဦးကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ လမ်းသစ်တစ်လျှောက်လှည့်လည်ကြည့်ရှုသည်။





အဆိုပါ သမိန်ဗရမ်းလမ်း ကတ္တရာထပ်ပိုးလွှာ လမ်းသစ်မှာ အရှည် ပေ ၄၁၂၀၊ အကျယ် ၁၂ ပေရှိပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ငွေကျပ် ၂၇၅၀၀၀၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ငွေကျပ် ၆၅၄၀၀၀နှင့် ပြည်သူများလှူဒါန်းငွေကျပ် ၄၂၅၄၁၀၀ စုစုပေါင်း ငွေကျပ် ၇၆၅၈၁၀၀ အကုန်အကျခံ ဆောင်ရွက်ခဲ့သည်။　(သတင်းစဉ်)

## မိုးရာသီဘဏ်ချေးငွေ ရန်ကုန်တိုင်းတိုင်းလုံးကျွတ် ရာနှုန်းပြည့်ကောက်ခံရရှိ

ရန်ကုန်　မတ်　၃၀

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်ဘဏ်ခွဲ ၁၂ ခုမှ ၂၀၀၅ ခုနှစ် မိုးရာသီ ဘဏ်ချေးငွေကျပ် ၄၂၉၀ ဒသမ ၅၅၃ သန်းကို တောင်သူလယ်သမားများနှင့် တိုင်းအတွင်း စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်နေသူများသို့ မိုးစပါးစိုက်ပျိုးချိန်အမီ ထုတ်ချေးပေးခဲ့ပြီး မိုးစပါးသိန်းနှံပေါ်ချိန်မှ စတင်ပြီး ပြန်လည်ကောက်ခံခဲ့ရာ တိုင်း/ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၏ ပံ့ပိုးမှုနှင့် ဘဏ်ခွဲအသီးသီးမှ ဝန်ထမ်းများ၏ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကြောင့် မတ် ၂၈ ရက်တွင် တိုင်းလုံးကျွတ် ရာနှုန်းပြည့် ကောက်ခံရရှိပြီးဖြစ်သည်။　(သတင်းစဉ်)

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် ကျိုင်းတုံမြို့နယ် ယန်းလောစံပြကျေးရွာအဝင် ကတ္တရာလမ်းသစ်ဖွင့်ပွဲနှင့် ယန်းလော-ကတ်ထိုက် ကျေးရွာချင်းဆက် ကျောက်ချောလမ်းသစ် ဖွင့်ပွဲ အခမ်းအနားတွင် မှခ်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

# ကျိုင်းတုံမြို့နယ် ယန်းလောစံပြကျေးရွာအဝင် ကတ္တရာလမ်းသစ်ဖွင့်ပွဲနှင့် ယန်းလော-ကတ်ထိုက် ကျေးရွာချင်းဆက် ကျောက်ချောလမ်းသစ် ဖွင့်ပွဲကျင်းပ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် တက်ရောက်အားပေး

ရန်ကုန်　　မတ်　　၃၀

**ကျိုင်းတုံမြို့နယ် ယန်းလောစံပြကျေးရွာအဝင် ကတ္တရာလမ်းသစ်ဖွင့်ပွဲနှင့် ယန်းလော-ကတ်ထိုက် ကျေးရွာချင်းဆက် ကျောက်ချောလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို မတ် ၂၆ ရက် နံနက် ၈ နာရီတွင် အဆိုပါ ယန်းလောစံပြကျေးရွာအဝင် ကတ္တရာလမ်းသစ်မှခ်ဦး၌ ကျင်းပသည်။**

အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် ဇနီး၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များနှင့် ပန်းဖွားအကအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ထို့နောက် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်နှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်လှိုင်တို့က ယန်းလောစံပြကျေးရွာအဝင် ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ၊ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ✻

## ယနေ့ မိုးလေဝသ

၃၁-၃-၂၀၀၆

**နေပြည်တော်**

နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန် ရာနှုန်း ၄၀ ဖြစ်သည်။

**ရန်ကုန်**

ရန်ကုန်မြို့နှင့် အနီး တစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေး**

မန္တလေးမြို့နှင့် အနီး တစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာဖွယ်ရာ ရှိသည်။ ရွာရန် ရာနှုန်း ၄၀ ဖြစ်သည်။

## ကြေးမုံ The Mirror　အင်တာနက်သတင်း

# ငါးမန်းသတ္တဝါ၏ သဘာဝစွမ်းရည်ကိုအသုံးချကာ ရန်သူရေယာဉ်၏ လှုပ်ရှားမှုများကို ဖော်ထုတ်နိုင်

နယူးပို့(ရိုဒီကျွန်း)　　မတ်　　၃၀

**တိရစ္ဆာန်များ၏ ကိုယ်ခန္ဓာတွင် အီလက်ထရွန်းနစ် ထောက်လှမ်းရေးကိရိယာငယ်များကို တပ်ဆင်ကာ တိရစ္ဆာန်များ၏ ဘာသာဘာဝ နေထိုင်ပုံကို ပိုမိုသိရှိနိုင်ရန် ဇီဝဗေဒပညာရှင်များက ကြိုးပမ်းလျက်ရှိချိန်တွင် ကာကွယ်ရေးသုတေသီများက ငါးမန်းသတ္တဝါများကို သူလျှိုများသဖွယ် အသုံးချစေခိုင်းနိုင်ရန် သုတေသနလုပ်ငန်းများကို တိုးမြှင့်ပြုလုပ်လျက်ရှိကြောင်း မတ် ၃၀ ရက် အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။**

ကာကွယ်ရေး သုတေသီများ၏ ရည်ရွယ်ချက်မှာ ငါးမန်းတွင် အီလက်ထရွန်နစ်ထောက်လှမ်းရေးကိရိယာ တပ်ဆင်ကာ ရန်သူရေယာဉ်၏ လှုပ်ရှားမှုများကို စုံစမ်းဖော်ထုတ်နိုင်ရန်ဖြစ်သည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ●



**ငါးမန်းများ၏ ထူးခြားသောစွမ်းရည်ကို အသုံးချကာ ရန်သူရေယာဉ်များအား ထောက်လှမ်းနိုင်ရန် သိပ္ပံပညာရှင်များက ကြိုးပမ်းလျက်ရှိသည်။ ရိုဒီကျွန်းအနီး ငါးမန်းတစ်ကောင်ကို ရေအောက်ကင်မရာဖြင့် ဓာတ်ပုံရိုက်ယူစဉ်။** (ဓာတ်ပုံ-အင်တာနက်)

(31-3)20.P65　1　1/1/32, 2:17 PM